
စိတ်ကူးချိုချိုအနုပညာ

# စာပေလောက

# ဇော်ဂျီ၊မင်းသုဝဏ်

ပြန်လည်ရိုက်နှိပ်ခြင်း



mgyoe.com

mgyoe.com

# စာပေလောက

## ဇော်ဂျီ၊ မင်းသုဝဏ်

'စာပေလောက' စာအုပ်သည် ၁၉၄၇ ခုနှစ်က ဟံသာဝတီသတင်းစာကြီး၌ အပတ်စဉ် တစ်လှည့်စီ ထည့်သွင်းဖော်ပြခဲ့သော စာပေဆောင်းပါးများကို စုစည်းထုတ်ဝေသော စာအုပ်ဖြစ်သည်။

ဆရာဇော်ဂျီ၏ စာပေဆောင်းပါး ၁၀ ပုဒ်နှင့် ဆရာမင်းသုဝဏ်၏ စာပေဆောင်းပါး ၁၁ ပုဒ် ပါရှိသည်။

'စာပေလောက' စာအုပ်ပါ စာပေဆောင်းပါးများသည် လေးစားမှတ်သားထိုက်သော စာဆိုကြီးများနှင့် မြန်မာကဗျာ၊ စကားပြေ၊ ဝတ္ထု၊ ကျမ်းစာများကို စာဖတ်သူတို့ ချစ်ခင်နှစ်သက်မြတ်နိုးလာအောင် ရသမြောက် မိတ်ဖွဲ့ပေးထားသော ဆောင်းပါးကောင်းများ ဖြစ်ကြသည်။

ပုဂံ၊ မြင်စိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ ကိုလိုနီခေတ်တို့မှ မြန်မာစာပေသမိုင်း မှတ်တိုင်များကို ဖတ်ရှုလေ့လာနိုင်သည်။

MTW0010
2,000.00 KS

mgyoe.com

mgyoe.com

စာပေလောက၊ ဇော်ဂျီ-မင်းသုဝဏ်
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၁၆၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း (၁၉၄၈ ဟံသာဝတီစာအုပ်တိုက် ပထမအကြိမ်)၊
၁၉၈၅ လောကပါလစာပေ၏ ပဉ္စမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စာပေလောက

## ဇော်ဂျီ၊ မင်းသုဝဏ်

သိပ္ပံမောင်ဝအား
ဤစာတို့ဖြင့် အလေးပြုပါ၏။

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၀၉

mgyoe.com

mgyoe.com



ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်(၁၉၆၃)

mgyoe.com

mgyoe.com

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | မြစေတီကျောက်စာ | ဇော်ဂျီ | ၁ |
| ၂။ | မြင်စိုင်းရွှေမြေ | မင်းသုဝဏ် | ၈ |
| ၃။ | သူဟောင်းတို့၏ စကားစဉ် | မင်းသုဝဏ် | ၁၄ |
| ၄။ | ဤစာကိုးခန်း ပုလဲပန်း | မင်းသုဝဏ် | ၂၀ |
| ၅။ | တောရကျောင်းပျော် ရှင်ဥတ္တမကျော် | ဇော်ဂျီ | ၂၇ |
| ၆။ | ခရီးသည် နဝဒေး | မင်းသုဝဏ် | ၃၄ |
| ၇။ | ရခိုင်စာဆိုတော် ဦးကာဗျာန် | ဇော်ဂျီ | ၄၀ |
| ၁၀။ | မွန်ဝန်ကြီးနှင့် မြန်မာစကားပြေ | ဇော်ဂျီ | ၅၁ |
| ၁၁။ | နတ်သျှင်နောင်နှင့် ကုလီသဘင် | ဇော်ဂျီ | ၅၇ |
| ၁၂။ | သန်လျင်ရောက် စာဆိုကြီး | မင်းသုဝဏ် | ၆၂ |
| ၁၃။ | အရေးတော်ပုံ စာဆို | ဇော်ဂျီ | ၆၉ |
| ၁၄။ | ကောက်စိုက်မတေးသံ | မင်းသုဝဏ် | ၇၆ |
| ၁၅။ | ရကန် ဦးတိုး | မင်းသုဝဏ် | ၈၆ |
| ၁၆။ | ဇာတ်ချင်းဆရာ ဦးကြင်ဥ | မင်းသုဝဏ် | ၉၆ |
| ၁၇။ | ရှင်ပုညာဘိဓဇ | မင်းသုဝဏ် | ၁၀၁ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၁၈။ | မန္တလေးခေတ် တေးကဗျာများ | ဇော်ဂျီ | ၁၀၆ |
| ၁၉။ | ဦးလတ်နှင့် ရွှေပြည်စိုးဝတ္ထု | ဇော်ဂျီ | ၁၂၂ |
| ၂၀။ | ဇာတိမာန် စာဆို ဦးလွန်း | ဇော်ဂျီ | ၁၃၀ |
| ၂၁။ | ပိုးတောင့်တဲ | မင်းသုဝဏ် | ၁၄၀ |
| ၂၂။ | ဆရာယုဒသန်နှင့် မြန်မာအဘိဓာန် | မင်းသုဝဏ် | ၁၄၅ |
| ၂၃။ | ထားဝယ် တေးဟောင်းများ | ဇော်ဂျီ | ၁၅၁ |
| ၂၄။ | အက္ခရာစဉ်အညွှန်း | | ၁၆၂ |


❑

mgyoe.com

mgyoe.com

# မြစေတီကျောက်စာ
## ဇော်ဂျီ

မြန်မာစာပေသမိုင်းတွင် မြန်မာစာပေအကြောင်းကို ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ အလောင်းဘုရားခေတ်ဟူ၍ ခေတ်ခြောက်ခေတ်ခွဲကာ ရေးကြလေသည်။ ပုဂံခေတ်သည် လွန်ခဲ့သော နှစ်ပေါင်းရှစ်ရာကျော်လောက်က ထွန်းကားခဲ့သောခေတ်ဖြစ်၍ မြစေတီကျောက်စာသည် ထိုပုဂံခေတ်က ရေးထိုးခဲ့သောစာဖြစ်သည်။

ပုဂံပြည် ကောင်းစားစဉ်က ပုဂံပြည်တွင် အိမ်ခြေပေါင်း ၉၉၉၉၉၉၉၉ ရှိလေဟန်ကို–

**"ကိုးကိုးတန် ပုဂံ အိမ်ခြေပေါင်း"** ဟူ၍လည်းကောင်း၊

ရပ်ကွက်တိုင်းတွင် လောကဝတ်၊ ဓမ္မဝတ်၊ ရာဇဝတ်ရေးကိစ္စများအတွက် တီးခတ်နှိုးဆော်အပ်သော မောင်းတစ်လုံးစီထားရှိသဖြင့် ရပ်ကွက်ပေါင်း ၃၃၃၃ ရှိလေဟန်ကို–

**"ညို့ညို့ညံညံ ပုဂံဆော်သည့်မောင်း"** ဟူ၍လည်းကောင်း၊

ပုဂံတစ်ခွင်တစ်ပြင်တွင် စေတီဂူဘုရားပေါင်း ၄၄၄၆၇၃၃ ဆူ ရှိလေဟန်ကို–

mgyoe.com

mgyoe.com

"လှည်းဝင်ရိုးသံ တည်ညံ ပုဂံဘုရားပေါင်း" ဟူ၍ လည်းကောင်း စကားအစဉ်အလာရှိလေသည်။ ထိုစကားတို့သည် ပုဂံပြည်၏ဂုဏ်ကို အံ့ဖွယ်သူရဲ ဖြစ်လောက်အောင် မြှောက်ပင့် ဖွဲ့ဆိုထားသော ပုဂံပြည်ဘွဲ့စကားများဖြစ်သည်။ သို့ရာတွင် ရှေးခေတ်ပုဂံပြည် အကယ်ပင် ကြီးကျယ်ခဲ့သည်။ ကျက်သရေရှိခဲ့သည်ဟူသော အချက်သည်လည်း အမှန်ပင်ဖြစ်သည်။

ယခုအခါ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ပုဂံမြို့ဟောင်းတစ်ဝိုက်တွင် လက်ညှိုးထိုးမလွဲ များပြားစွာ ကြွင်းကျန်နေသေးသော စေတီဂူဘုရားများကို ဖူးမြင်နိုင်သည်။ ထိုစေတီဂူဘုရားများသည် ပုဂံပြည် ကြီးကျယ်ခဲ့ပုံကို သက်သေခံလျက် နေလေသည်။ တစ်ဖန် ထိုစေတီဂူဘုရားများတွင် ဆန်းကြယ်သော စုလစ်မွန်ချွန်တို့ကိုလည်းကောင်း၊ ခြူးပန်းခြူးနွယ်ရုပ်လုံးရုပ်တု အစရှိသော အပြောက်အမွမ်းတို့ကိုလည်းကောင်း၊ ဆန်းကြယ်သော ပန်းချီဆေးရေးတို့ကိုလည်းကောင်း မြင်နိုင်သေးသည်။ ထိုဆန်းကြယ်သော အဆင်တန်ဆာတို့သည် ပုဂံပြည် ကျက်သရေရှိခဲ့ပုံကို သက်သေခံလျက် နေလေသည်။

ထိုမျှများပြား၍ ထိုမျှဆန်းကြယ်သော စေတီဂူဘုရားများနှင့်အတူ ကျောက်စာများကိုလည်း မြင်နိုင်သေးသည်။ ရှေးပုဂံကုသိုလ်ရှင်တို့သည် ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်းစသော ကုသိုလ်ကောင်းမှုကို ပြုပြီးသောအခါ အလှူပစ္စည်းနှင့်တကွ ဆုတောင်းစာ၊ ကျိန်စာတို့ကို ကျောက်တိုင်ကျောက်ပြားများပေါ်တွင် မှတ်တမ်းတင်တတ်ကြသည်။ ကျောက်စာများသည် ထိုမှတ်တမ်းများပေတည်း။

တစ်ဖန် အချို့အချို့သော ကုသိုလ်ရှင်များသည် လှူဒါန်းသော အကြောင်းရင်းအဖြစ်အပျက်တို့ကိုပါ ထည့်သွင်းတတ်ကြသည်။ မြစေတီကျောက်စာသည် ထိုကဲ့သို့သော မှတ်တမ်းပေတည်း။

မြစေတီကျောက်စာကို ကျန်စစ်သားမင်း လွန်တော်မူသော နှစ်၌သော်လည်းကောင်း၊ နောက်တစ်နှစ်ဖြစ်သော မြန်မာသက္ကရာဇ် ၄၇၅ ခုနှစ်၌သော်လည်းကောင်း ရေးထိုးသည်ဟုယူဆကြသည်။ မြစေတီကျောက်စာတိုင်၌ မျက်နှာလေးဖက်ရှိရာ မျက်နှာတစ်ဖက်တွင် တစ်ဘာသာစီဖြင့်

mgyoe.com

mgyoe.com


ရေးထားသည်။ ဘာသာများကား ပါဠိ၊မွန်၊ပျူ၊ မြန်မာ ဘာသာတို့ဖြစ်သည်။ အက္ခရာများ၏ပုံမှာ အဝိုင်းမဟုတ်၊ မန်ကျည်းစေ့ပုံဖြစ်သည်။ မြစေတီ ကျောက်စာဟုခေါ် ရခြင်းအကြောင်းမှာ ထိုကျောက်စာတိုင်ကို ပုဂံမြို့တောင်ဘက် မြင်းကပါရွာရှိ မြစေတီဘုရားအနီး၌တွေ့သောကြောင့်ဖြစ်သည်။

ရာဇကုမာရ်သည် မြစေတီကျောက်စာကို ထိုးခဲ့သူဖြစ်သည်။ ဇာတိရပ်ရွာမှာ ကြောင်ဖြူ ဖြစ်သည်။ အဖမှာ ကျန်စစ်သားမင်းဖြစ်၍ အမိမှာ ထိုမင်း၏မိဖုရား သုံးလောကဦးဆောက်ပန်း ဖြစ်သည်။

အနော်ရထာမင်းလက်ထက်၌ ကျန်စစ်သားမင်းသည် အိမ်နိမ့်ဘဝ တွင်ရှိခိုက် မင်းမျက်ခံရသဖြင့် ကြောင်ဖြူအရပ်၌ ပုန်းရှောင်နေရသည်။ သို့ပုန်းရှောင်နေခိုက် မထီးတူမ သမ္ဘူလနှင့်တွေ့၍ သမ္ဘူလတွင် အချစ် အခင်နှင့် အသက်ကို နှံလေသည်။ အနော်ရထာမင်း လွန်တော်မူ၍ စောလူး မင်းနန်းတက်သောအခါ ကျန်စစ်သားသည် ရာဇကုမာရ်ကို ဝမ်းတွင် ပဋိ သန္ဓေရှိလေပြီးဖြစ်သော သမ္ဘူလအား 'သားယောကျ်ားဖွားမြင်သော် ပုဂံသို့ လာခဲ့' မှာတော်မူ၍ စောလူးမင်း၌ ခစားလေသည်။ စောလူးမင်း လွန်တော် မူသောအခါ သက္ကရာဇ် ၄၄၆ ခုတွင် ကျန်စစ်သားသည် မင်းအဖြစ်ကို ယူ၍ 'သီရိတြိဘုဝနာဒိတျ ဓမ္မရာဇ်'ဘွဲ့ကို ခံတော်မူသည်။

ကျန်စစ်သားမင်းဖြစ်ပြီး၍ နှစ်နှစ်မြောက်သောအခါ ရာဇကုမာရ် သည် အမိ သမ္ဘူလနှင့်အတူ မင်းကြီးထံသို့ ရောက်လာသည်။ မင်းကြီး သည် သမ္ဘူလ၏ကျေးဇူးကို အောက်မေ့၍ သမ္ဘူလအား သုံးလောကဦး ဆောက်ပန်းအနက်ရှိသော 'တြိလောက ဝဋံသကာဒေဝီ'ဘွဲ့မည် ချည်စေ ပြီးလျှင် မိဖုရားမြှောက်သည်။

ရာဇကုမာရ်အဖို့မှာ အရောက်နှောင်းသဖြင့် ဇေယျခေတ္တရာဘွဲ့ကို သာရ၍ ဓညဝတီနှင့် တောင်စဉ်ခုနစ်ခရိုင်ကိုသာ စားရသည်။ မင်းကြီး သည် မြေးတော် အလောင်းစည်သူကို ဘိသိက်သွန်း၍ မင်းမြှောက်တင်ပြီး ဖြစ်သောကြောင့်တည်း။

နောင်အခါ မယ်တော် အနိစ္စရောက်သည်။ ထို့နောက် သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ခမည်းတော် ကျန်စစ်သားမင်းကြီး မမာတော်မူ၍ ထိုနှစ်၌ပင် လွန်တော်မူသည်။

mgyoe.com

mgyoe.com


ရာဇကုမာရ်လည်း မြင်းကပါအရပ်တွင် ရွှေဆင်းတုဘုရားကို ဌာပနာ၍ ရွှေအထွတ်ရှိသော ဂူဘုရားတစ်ဆူကို တည်သည်။ ထိုဂူဘုရားကို စောင့်ရှောက်ပူဇော်စိမ့်သောငှာ မိမိ၏ အမွေအနှစ်ဖြစ်သော ကျွန် သုံးရွာကိုလည်း လှူသည်။ ထို့နောက် အမိအဖတို့၏ ရှေးဖြစ် ရှေးဟောင်းတို့ကို ပြန်ပြောင်းအောက်မေ့ကာ မှတ်တမ်းရေး၍ ကျောက်စာတိုင် စိုက်ခဲ့သည်။

ဤသို့ဖြင့် မြစေတီကျောက်စာ ဟုခေါ်သော ရာဇကုမာရ်၏မှတ်တမ်းသည် ကျန်ရစ်လေသည်။

ရာဇကုမာရ်သည် အမိအဖကို ချစ်မြတ်နိုးသော အနန္တကျေးဇူးဂုဏ်ကို သိသော သားပေတည်း။ အဖသေအံ့မူးမူးတွင် ရာဇကုမာရ်သည် အဖပေးဖူးသော ပစ္စည်းကိုလည်း သတိရသည်။ အမိထံမှရလိုက်သော ပစ္စည်းကိုလည်း သတိရသည်။ ထိုပစ္စည်းတို့ကို ရာဇကုမာရ်သည် မိမိကိုယ်ဖို့ လွတ်လပ်စွာ သုံးစွဲနိုင်ပေတော့မည်။ သို့ရာတွင် ရာဇကုမာရ်၏ဆန္ဒကား ထိုသို့မဟုတ်ချေ။ ကျေးဇူးရှင်အဖ၏အဖို့သာ ဖြစ်သည်။ သေအံ့သော အဖအား နှစ်သိမ့်ခြင်းဖြစ်စေ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုစေလိုသည်။

ထို့ကြောင့် ရာဇကုမာရ်သည် မိမိသွန်းခဲ့သော ရွှေဆင်းတုဘုရားတစ်ဆူကို သေအံ့သော အဖ၏လက်သို့ ပေးအပ်လေသည်။ တစ်ဖန် ရွှေဆင်းတုဘုရားအား မိမိ၏ ကျွန်သုံးရွာကို လှူဒါန်းပါမည်ဟူ၍လည်း အဖအား ကတိပေးသည်။

ရာဇကုမာရ်သည် ထိုအဖြစ်အပျက်ကို သတိရသဖြင့် မိမိ၏ ကျောက်စာတွင်–

> သိဒ္ဓိရိ။ ။ နမော ဗုဒ္ဓါယ၊ ဘုရားသခင် သာသနာအနှစ်တစ်ထောင် ခြောက်ရာ နှစ်ဆယ့်ရှစ် လွန်လေပြီးရကား ဤအရိမဒ္ဒနာပုရ်မည်သော ပြည်၌ သိရိတြိဘဝနာဒိတျ ဓမ္မရာဇ်မည်သောမင်းဖြစ်၏။ ထိုမင်း၏ ပယ်မယာ့တစ်ယောက်သော်ကား တြိလောက ဝဋံသကာ ဒေဝီမည်၏။ ထိုပယ်မယားသားတမူလည်း ရာဇကုမာရ်မည်၏။ ထိုမင်းကား ကျွန်သုံးရွာတည်း ပယ်မယားအားပေး၏။ ထိုပယ်မယားသေခဲ့ရကား ထိုပယ်မယား တန်ဆာနှင့် ထိုကျွန်သုံးရွာသော

mgyoe.com

mgyoe.com


နှင့်တည်း ထိုပယ်မယားသား ရာဇကုမာရ်မည်သော မင်းအားပေးတုံ၏။ ထိုမင်း အနှစ် နှစ်ဆယ်ရှစ်နှစ် မင်းမူပြီး၍ သေခမူ နသသရောဒ္ဓိတည်း ထိုရာဇကုမာရ်မည်သော ပယ်မယား သား မိမိကိုမွေးသော မင်းကြီးကျေးဇူးကို အောက်မေ့ရကား ရွှေအတိသော ဘုရားသခင် အဆင်းပြု၍ နပ်လေသရောတည်း။ ဤသို့မိန့်၏။ 'ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတည်း။ ကျွန်သုံးရွာ အတို့ ကျွန်ငါ့သခင် ပေးသည်ကား ဤရွှေဘုရားအား အတို့ကျွန်ပေး၏' ဟု မှတ်တမ်းတင်ခဲ့၏။

ရာဇကုမာရ်မင်းသားသည် ဤသို့လျှောက်၍ ရွှေဆင်းတုဘုရားကို သေအံ့သော မင်းကြီး၏ လက်သို့ အပ်လေသည်။ 'ကျွန်သုံးရွာလှူပါဦးမည်' ဟူသော ကတိကိုလည်း ပေးလေသည်။

ဝေဒနာခံစားနေရသော မင်းကြီးသည် သားသည်းချာကို မြင်တော်မူ၏။ ရွှေဆင်းတုဘုရားကို သား၏ လက်မှ ခံတော်မူ၏။ တစ်ဖန်သား၏ ကတိစကားကို ကြားတော်မူပြန်သည်။ မင်းကြီး၏ စိတ်ဝယ် မည်သို့ဖြစ်ချိမ့်မည်နည်း။ မင်းကြီး မည်သို့မိန့်တော်မူမည်နည်း။

သာမန်အခါမျိုး၌ပင် ချစ်မြတ်နိုးတတ်သော အနန္တဂုဏ်ကျေးဇူးကို သိတတ်သော သားသမီးတို့၏ အပြုအမူကို မြင်ရသော အမိအဖတို့သည် အတိုင်းမသိ ဝမ်းမြောက်ပီတိ ဖြစ်တတ်ကြသေး၏ ရှင့်။ သေအံ့မူးမူး၌သော်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ မင်းကြီးသည် နတ်ကို လိုသလော။ ရကောင်းအံ့သို့ရှိ၏။ ဗြဟ္မာကိုလိုသလော ရကောင်းအံ့သို့ရှိ၏။ နိဗ္ဗာန်ကို လိုသလော ရကောင်းအံ့သို့ရှိသည်။

သာမန်မျက်စိဖြင့် မမြင်အပ်သော ပီတိအဟုန်ဖြင့် တက်ကြွလျက်ရှိသော မင်းကြီး၏ အရောင်အဆင်း အခြင်းအရာတို့ကို ချစ်မြတ်နိုးတတ်သော ရာဇကုမာရ်သည် တစေ့စေ့တွေး၍ မြင်မိဟန်တူ၏။ ရတ်တရက် ချက်ချင်း မိမိ ဝမ်းမြောက်ပီတိဖြစ်ခဲ့သည်ကိုလည်း သတိရဟန်တူ၏။ ရတ်တရက် ချက်ချင်းပင် နှမြောခြင်း၊ ကြေကွဲခြင်းတို့ ဝင်ရောက်ဖောက်ပြန်ခဲ့သည်ကိုလည်း သတိရဟန်တူသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် ရာဇကုမာရ်သည် ဖခမည်းတော်မင်းကြီး ကျေနပ်နှစ်သက်စွာ သာဓုအနုမောဒနာ ခေါ်ခဲ့သည်ကို ကြားယောင်ယောင်ဖြစ်၍ လည်းကောင်း၊ ရွှေဆင်းတုဘုရားကို ဖခမည်းတော်မင်းကြီးကိုယ်တော်တိုင် ဆရာရဟန်းတော်တို့ ရှေ့မှောက်တွင် ရေသွန်းလှူဒါန်းခဲ့သည်ကို မြင်ယောင်ယောင်ဖြစ်၍ လည်းကောင်း

> ထိုရောတည်း မင်း နှစ်ကျို့ရကား 'ကောင်းလှေင့်တည်း ကောင်းလှေင့်တည်း'မိန့်၍သင်ဂြိ မဟာထေရ်၊သင်ဂြိမုဂ္ဂလိပုတ္တတိဿထေရ်၊ သင်ဂြိ သုမေဓပဏ္ဍိတ်၊ သင်ဂြိ ဗြဟ္မပါလ်၊ သင်ဂြိဗြဟ္မဒိပ်၊သင်ဂြိသောန်၊သင်ဂြိသဃ်သေနမရေ၊ ပဏ္ဍိတ်ထိုသခင်တို့ အမှောက်တည်း မင်းရေသွန်း၏'

ဟု ဆက်လက်ရေးသားလေသည်။

ထို့နောက် ရာဇကုမာရ်သည် မိမိ ဂူဘုရားတည်ခဲ့ပုံ၊ ကျွန်သုံးရွာလှူဒါန်းခဲ့ပုံတို့နှင့်တကွ ဆုတောင်းစာ ကျိန်စာတို့ကို အောက်ပါအတိုင်း ဆက်၍.....

> 'ထိုပြီးရကား ထိုရာဇကုမာရ် မည်သော ပယ်မယားသား ထိုရွှေဘုရားထာပနာ၍ ရွှေအထွတ်မှုသောဂူပြု၏။ ပြုပြီးရကား ဤဂူဘုရားလွှတ်သရောဌ်တည်း၊ သက်မုနလွန်တရွာ၊ ရပါယ် တရွာ၊ ငဟန်မိုင်တရွာ၊ ဤကျွန်သုံးရွာကိုယူ၍ ထိုရာဇကုမာရ် မည်သော ပယ်မယားသား ဤဂူဘုရားအားရေသွန်း၍ ဤသို့ မိန့်၏။ ဤငါ့ အမှုကား၊ သဗ္ဗညုတဉာဏ်ပညာရအံ့သောအကြောင်း ဖြစ်စေသတည်း။ ငါ့နှောင်အားငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊ ငါ့ဆွေလည်းကောင်း၊ သူတထူးလည်းကောင်း ဤဘုရားအား ငါလှူခဲ့သောကျွန်အနှိပ်အစက်တည်းမူကား အရိမေတ္တယျာဘုရားသခင်အဖူးရစေ'

ဟု အဆုံးသတ်ခဲ့သည်။

မြစေတီကျောက်စာပါ စကားပြေကို ရှေးအကျဆုံးဖြစ်သော မြန်မာစကားပြေတစ်ရပ်ဟု ဆိုသော် ဆိုသင့်လှသည်။ စကားအသုံးအနှုန်းသည်

mgyoe.com

mgyoe.com


အချို့အချို့သော နေရာများတွင် ယခုကာလနှင့် မတူဖြစ်သည်။ သို့ရာတွင် ယခုကာလ အသုံးအနှုန်းသည် အများအားဖြင့် ရှေးရေးအသုံးအနှုန်းမှ ဆင်းသက်လာရသည်ကို သတိမူရာသည်။

'ပယ်မယား'ဟူရာ၌ 'ပယ်'သည် နှောင်းခေတ်သုံး 'အဘယ်မဒ္ဒိ' 'အဘယ်မိဖုရား'စသော စကားခွန်းများမှ 'အဘယ်'ပင် ဖြစ်သည်။ 'နာသရော၌တည်း'ဟူရာ၌ 'ရှေးသရောအခါ'မှ 'သရော'ဖြစ်သည်။ 'နာသောအခါ' ဟူသော အနက်ထင်သည်။ 'နှပ်'ဟူရာ၌ အရှိအသေပြု၍ ပေးခြင်းအနက် ထင်သည်။ 'ထွက်နပ်သည်'၏အနက်သဘောတွင် ဝင်သည်။

'အတို့ကျွန်'ဟူရာ၌ ရာဇကုမာရ်သည် မိမိတစ်ဦးတည်းကို ဆိုချင်လျက် ဗဟုဝုစ်ပြု၍ 'ကျွန်ုပ်တို့'ဟု ဆိုဟန်ယူဆကြကုန်သည်။ 'နှစ်ကျို့' ဟူရာ၌ နှောင်းခေတ်သုံးဖြစ်သော 'နှစ်ကြိုက်' 'နှစ်ခြိုက်'ဟူသော စကားတို့၏ အနက်ထင်သည်ဟု ယူကြကုန်သည်။ 'ကောင်းလှောင့်တည်း'ဟူရာ၌ သာဓုခေါ်ခြင်းပင် ဖြစ်သည်။ 'သင်ဂြိ'မှာ 'သင်္ချိုင်းကြီး'ဟူသော စကားခွန်းကို ချုံ့ထားဟန် ယူကြသည်။ အချို့ကလည်း ရဟန်းအဖွဲ့အသင်း၏ အကြီးအမှူးကို ချုံ့၍ သင်းကြီးဖြစ်ဟန်ဆိုကြသည်။ သို့ရာတွင် ဆရာတော်ထေရ်ကြီး ဝါကြီးအနက်ကား မပျက်ဖြစ်သည်။ 'လွှတ်'ဟူရာ၌ စွန့်လွှတ်ပူဇော်ခြင်း အနက်ထင်သည်။ 'မူ'မှာပြုခြင်းအနက်ဖြစ်သည်။ 'အဖူးရစေ'ဟူရာ၌ 'မ' အစား 'အ'ကို သုံးသော ထိုအခါက ရေးနည်းပေလောဟု တွေးတောယူဆကြလေသည်။

❑

mgyoe.com

mgyoe.com

## မြင်စိုင်းရွှေမြေ
## မင်းသုဝဏ်

ရှေးသရောအခါက အသခ်ယာ၊ ရာဇသင်္ကြံ၊ သီဟသူ ဟူသော ရှမ်းညီနောင်သုံးဦးတို့သည် ပုဂံပြည်တွင် မင်းထံ၌ ခစားကြကုန်၏။ ပုဂံပြည်တည်ရာ တမ္ဗဒိပ် တိုင်းအရပ်သည်ကား အလွန်ပူပြင်းခြောက်သွေ့သည့် မိုးခေါင်ရေရှား အရပ်ဖြစ်သည်။ ထို့ကြောင့်လည်း ပုဂံသားတို့သည် မိမိတို့ဒေသကို တတ္တဒေသ ဟု ခေါ်ကြလေသည်။ သို့ပင်ဖြစ်သော်လည်း မြစ်သားဆယ့်တစ်ခရိုင်ဟူ၍ခေါ်သော လယ်တွင်းတစ်ဆယ့်တစ်ရွာအရပ်သည်ကား အလွန်စိမ်းလန်းသာယာသည်။

အခါတစ်ပါး၌ မိဖုရားဖွားစောသည် ပုဂံမင်းကျော်စွာကို "အရှင့်ဆားလောင်း အနော်ရထာမင်းစော တည်တော်မူသော လယ်တွင်း ၁၁ ရွာသည်ကား ပဲခူးမြေနှင့် အကူ ပျော်ဖွယ်ရှိလှ၏။ ကြွတော်မူ၍ ရှုတော်မူပါလော့။ ပြက် ခရွေ၊ သာလျောင်း ဘုရားရှင်တို့ကိုလည်း ဖူးမြင်တော်မူပါလော့"ဟု နားတော်လျှောက်ဖူးသည်။

မြစ်သားဆယ့်တစ်ခရိုင်ကား ပဲခူး၊ ဟံသာဝတီကဲ့သို့ လယ်ယာချောင်းမြောင်းတို့ဖြင့် စိမ်းစိုသာယာသည်။စမုန်မြစ်၊ပန်းလောင်မြစ်၊ ဇော်ဂျီမြစ်၊

mgyoe.com

mgyoe.com


ဒုဋ္ဌာဝတီမြစ်တို့ဖြင့် တင့်တယ်လှပသည်။ ထိုမြစ်တို့၏ ကျေးဇူးကြောင့် ထိုနယ်တွင် ကောက်ပဲသီးနှံဖွံ့ဖြိုးကြီးပွားသည်။ ထို့ကြောင့်လည်း ထိုအရပ်သည် ပုဂံမင်းတို့၏ အားထားရာ တိုင်းခြေပြည်မြစ် ဖြစ်လေသည်။ ရေကြည်ရာ မြက်နုရာဟူသော ပုဂံခေတ်စကားသည် ထိုဆယ့်တစ်ခရိုင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာဟန်တူသည်။

မြန်မာမင်း၏ ယုံကြည်ကိုးစားခြင်းကို ခံရသော အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူ ရှမ်းညီနောင်သုံးပါးသည်ကား ထိုဆယ့်တစ်ခရိုင်ကို ကြီးမှူးအုပ်ချုပ်ရသော ပုဂ္ဂိုလ်များဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် ထိုရှမ်းညီနောင်သုံးဦးသည် မြန်မာမင်း၏ ဘဏ္ဍာစိုးများ ဖြစ်ကြသည်။

ထိုအခါက တာတာတို့၏ဘုရင် ခန်းမင်းကြီးသည် တရုတ်စစ်သည်တို့ကို ကွပ်ကဲကာ အာရှတိုက်အရှေ့ပိုင်းတွင် စစ်တံခွန်လွှင့်လျက်ရှိသည်။ ပုဂံပြည် နရသီဟပတေ့မင်းသည် ထိုစစ်တံခွန်ရှေ့တွင်ပင် တရုတ်ပြေးမင်းဟူသော ဘွဲ့ထူးကို ပန်ဆင်လိုက်ရရှာသည်။ မြန်မာပြည်ကား တရုတ်စစ်ကြောင့် ကစဥ့်ကရဲဖြစ်ရ၏။ မြန်မာလူမျိုးတို့သည်လည်း ပုဂံပျက်လျှင် တစ်ဦးပေါ်တစ်ဦးက သစ္စာမစောင့်တော့သဖြင့် အကွဲကွဲအပြဲပြဲနှင့် ကစဥ့်ကရဲဖြစ်ရလေသည်။ ထိုအခိုက်တွင် ခန်းမင်းကြီး၏ တရုတ်စစ်သည်တို့သည် မြန်မာပြည်သို့ မကြာခဏ ချင်းနင်းဝင်ရောက်၍ မြို့ရွာတို့ကို ဖျက်ဆီးကြသည်။ လူတို့ကို သတ်ဖြတ်ညှဥ်းဆဲကြသည်။ ပစ္စည်းဥစ္စာတို့ကို တိုက်ခိုက် လုယူကြသည်။ မြန်မာတို့ကား အားကိုးရာ ခေါင်းဆောင်ကောင်းမဲ့ကြလေတော့၏။

သို့သော်လည်း ရှေးပုဂံမင်းတို့၏ ယုံကြည်ကိုးစားခြင်းကို ခံရသဖြင့် လယ်တွင်း ၁၁ ရွာကို ကြီးစိုးအုပ်ချုပ်ရသော ရှမ်းညီနောင်သုံးဦးသည်ကား မြန်မာမင်းတို့၏ ကျေးဇူးသစ္စာတော်ကို မမေ့ကြပေ။ မြန်မာပြည်နှင့် မြန်မာလူမျိုးတို့ကို တရုတ်စစ်ဘေးမှ ကာကွယ်ရမည့် တာဝန်နှင့် မြန်မာမင်းဆက်ကို ဆက်လက်ပြုစုရမည့်တာဝန်သည် သူတို့သုံးဦး၏တာဝန်ဖြစ်သည်ဟု ယုံမှတ်ကြသည်။ ထို့ကြောင့်လည်း သူတို့သည် မြင်စိုင်း၊ မက္ခရာ၊ ပင်လယ် ဤသုံးမြို့တွင် မင်းပြိုင်ပြုကြ၍ မြန်မာ့အင်အားကို ရုံးစုကြလေသည်။ ခန်းမင်းကြီး၏စစ်ကို အကြိမ်ကြိမ် တွန်းလှန်ကြသည်။ မြန်မာနိုင်ငံနှင့်

mgyoe.com

mgyoe.com


ဗုဒ္ဓသာသနာတော်ကို ကာကွယ်စောင့်ရှောက်ကြသည်။

ရှမ်းညီနောင် သုံးပါးမှ ပေါက်ပွားၗ မြန်မာနိုင်ငံနယ်ပယ်ခရိုင်မြို့ရွာအသီးသီးတို့ကို အုပ်စိုးရသော မင်းညီမင်းသား မင်းမြေး၊ မင်းမြစ်တို့သည် ကောင်းမှုပြုသော အခါများ၌ ကျောက်စာရေးထိုးကြရာ ထိုမင်းသုံးပါး၏ ဂုဏ်ကျေးဇူးကို မဖော်ပြဘဲ မပြီးကြပေ။ စစ်ကိုင်းမြို့ ရတနာစေတီကျောင်း ကျောက်စာတွင် အောက်ပါအတိုင်းတွေ့ရသည်-

မှတ်လော့ဗိုလ်ပါ၊
သာသနာစဉ်ရှည်၊ မြန်မာပြည်ကို၊
မှူသည်မင်းတို့၊ ကွယ်ချင်းထပြီ၊
မညီမညွတ်၊ ဖြစ်လတ်ချောက်ချား၊
ပျက်စီးများရကား၊ သိကြားနတ်မင်း စသည်၊
သာသနာတော်ကို ခီးပင့်နိုင်အံ့သသူတို့ကို၊
ကြည့်လတ်သော်တည့်၊
ခန်းတရုတ်မင်းကြီးကို ထိုးဘက်မူနိုင်ထသော၊
သီဟသူရမည်သော
ဆင်ဖြူသခင် မင်းကြီး၏မြေးမြစ်တို့တွင်-

ထိုမင်းသုံးပါး လွန်သောအခါ သီဟသူ၏သားတော်များ ဆက်လက်မင်းပြုကြသည်။ ဒုတိယသားတော် ကျော်စွာမင်းတရားသည် ဆင်ဖြူငါးစီးကို ရသသူဖြစ်၍ ငါးစီးရှင်ကျော်စွာ ဟု တွင်လေသည်။ ထိုမင်းလက်ထက်တိုင်အောင်လည်း တရုတ်စစ်သည်တို့သည် မြန်မာ့တိုင်းစွန်ပြည်နားကို ထိပါးခြင်း၊ နိုင်ငံတော်တွင်းသို့ ချင်းနင်းဝင်ရောက် တိုက်ခိုက်ခြင်းအမှုတို့ကို ပြုလုပ်လျက်ပင်ရှိသေးဟန်တူသည်။ ထို့ကြောင့်လည်း မြန်မာတို့သည် အမြဲတစေ စစ်မှုရေးရာကို လေ့လာလျက် နေကြရသည်။ ငါးစီးရှင် မင်းတရားကိုယ်တော်တိုင်လည်း သေနင်္ဂဗျူဟာ စစ်ရေးရာတွင် များစွာဝါသနာထုံတော်မူသည်။ ဓားခုတ်၊ လှံထိုး၊ လေးပစ်၊ မြားပစ်၊ ဆင်စီး၊ မြင်းစီး စသော စစ်ပညာတို့ကို နေပြည်တော်တွင် မပြတ်လေ့လာကြရသည်။
mgyoe.com

ထိုလေ့လာမှုတို့တွင် ကာက,မှုသည် အလွန်နှစ်သက်ဖျော်ဖြေဖွယ် ကောင်းသော လေ့လာမှုတစ်ခု ဖြစ်ခဲ့ဟန်တူသည်။ ကာက,မှုဟူသည်ကား ဗန်းငယ်ကဲ့သို့ ခပ်ဝိုင်းဝိုင်းပုံသဏ္ဌာန်ရှိကာကို လက်နှစ်ဖက်နှင့်ကိုင်၍ က,ရာ၊ အတူ က,သူတို့က သစ်သား ဓားလုံ့တို့ဖြင့် ထိုးခုတ်သည်ကို မထိ မရှအောင် ကာကွယ်၍ က,ရသော စစ်ရေးလေ့လာမှု တစ်မျိုးပင်ဖြစ်သည်။ ကာက, ရာတွင် သီဆိုကြသောသီချင်းကို ကာချင်း ဟုခေါ်ကြသည်။

အခါတစ်ပါးသော် ကာ,ပွဲတွင် ငါးစီးရှင် မင်းတရားကိုယ်တော်တိုင် ဝင်ရောက်က,ရာ သူသီဆိုခဲ့သော ကာချင်းသည် ယနေ့တိုင် ကျန်ရစ်သေး သည်။ ထိုကာချင်း၌ မိမိ၏ဇာတိသွေးကို ဖော်ပြထားလျက်ရှိသည်။

ကျုံးနက်ရေ၊ မြို့ခြေအပြည့်ထား၊
တေဟူသည်ကား၊ တွားရှည်ကျော်ပြန့်ပွား၊
တေဟူသည်ကား၊ ဆဲ့တရွာအခြား၊
ဒေဝကျော်ထင်ရှား။

ဤတွင် "တေ"ဟူသော စကားလုံး၏အနက်ကို "အရေအတွက် သုံးခု"ဟုယူလျှင် ဆီလျော်ရန်ရှိသည်ဟု ဝန်ထောက်မင်း ဦးတင်က အဆို သွင်းခဲ့သည်။ သို့ပါသော်လည်း "တေ"မှာ ရှမ်းစကား'တ'ကို မြန်မာအသံ ထွက်အတိုင်း ရေးထားဟန်တူပါသည်။ သို့ဖြစ်ပါက "တေ"မှာ ရှမ်းလူမျိုး ပင် ဖြစ်ပါတော့သည်။ မင်းညီနောင်သုံးပါးအမှူးပြုသော တေရှမ်းတို့၏ အမည်သတင်းသည် လယ်တွင်း ဆယ့်တစ်ရွာအပြင် နတ်ပြည်ခြောက်ထပ် အထိ ကျော်ကြားပေသည်ဟု ချီးမွမ်းဖွဲ့ဆိုထားခြင်းဖြစ်ပေသည်။

တရုတ်စစ်သည် များစွာလာ၍ တိုက်ခိုက်ရာတွင် ကျဆုံးသော သူသေတို့ကို လင်းတငှက်များ ထိုးစွပ်စားမျိုပုံ၊ မိုးကြီးသည်းထန်စွာရွာ၍ လယ်တွင်းအရပ်၌ ရေလွှမ်းမိုးသောအခါ တရုတ်တို့မနေနိုင်၍ ဆုတ်ခွာရ ပုံ၊ တရုတ်မြင်းတပ်သားတို့သည် တစ်ဦးပြေးလျှင် အားလုံးပြေးကြ၍ နှင်တံ ကိုမျှ အသုံးမပြုရဘဲ မြင်းများလာလမ်းကို ပြန်ကြပုံတို့ကို စစ်ပန်းချီကား သဖွယ်ဖွဲ့ဆိုထားသည်မှာလည်း အောက်ပါအတိုင်းပင်ဖြစ်သည်။

mgyoe.com

mgyoe.com

တရုတ်လာသည်၊ ရိုင်ရိုင်လော၊ ရိုင်ရိုင်။
မြားမိုးရွာသည်၊
ဖြိုင်ဖြိုင်လော၊ ဖြိုင်ဖြိုင်။
လင်းပြင်ပြည့်မျှ၊ ငှက်လင်းတ၊
လတိုင်းလော။ လတိုင်း လတိုင်း။
မြင်းသည်သိန်းသန်း၊ များစွာလွန်းသည်၊
ထက်ဝန်းရံသ၊ မနိုင် မနိုင်။
လျှပ်စစ်တိမ်ပြင်၊
မှိုင်းလွင်သည်လည်း၊ လွင်သည်လည်း။
တိမ်သည်မည်းမည်း၊ မည်းသည်လည်း၊ မည်းသည်လည်း။
တိမ်မည်းတက်ရာ၊ မိုးသေးပါ၍၊
ရွာသည့်မိုးကား၊
ရိုက်ကြိုး ကြည်းသည်လည်း၊ ကြည်းသည်လည်း။
ရွာသည်အသည်း၊
ရေချည်း ဖြင်သည်လည်း၊ ဖြင်သည်လည်း။
ကန်သင်း မွေမမြင်သည်လည်း၊
မမြင်သည်လည်း။
အရိုင်း မနေချင်သည်လည်း၊
မနေချင်သည်လည်း။
ပြေးလျှင်တစီး၊
မြင်းသည်လည်း၊ မြင်းသည်လည်း။
နှင်တံ မကမ်းခင်သည်လည်း၊
မကမ်းခင်သည်လည်း။

တစ်ဖန် မြင်းစိုင်းမြို့သာယာပုံကို ဖွဲ့ပြန်သည်။ ဇော်ဂျီမြစ်ဝှမ်းရှိ မြင်းစိုင်းမြို့သည် ပန်းမန်ဉယျာဉ်တို့ဖြင့် တင့်တယ်သည်။ ပြောင်းခင်း၊ လူးခင်း၊ စပါးခင်းတို့ဖြင့် စိမ်းစိုသည်။ တောင်ထွတ် တောင်ထိပ်တို့တွင် ရှိသည့် ဘုရားတန်ဆောင်း ကျောင်းပြာသာဒ်တို့ဖြင့် ကြည်ညိုဖွယ်ရှိသည်။

mgyoe.com

mgyoe.com


အိမ်တော်၊ နန်းတော်တို့ဖြင့် ခမ်းနားသည်။

တာဝတိံသာ၊
နတ်ရွာလော၊ နတ်ရွာလော။
ဟုတ်တည်း ရှင်ချင်း၊ ရှင်ချင်း။
ဟုတ်တည်း ဆွေရင်း၊ ဆွေရင်း။
ဟုတ်တည်း သည်ရင်း၊ သည်ရင်း။
မြင်စိုင်းဟူသည် ရွှေပြည်၊ ရွှေပြည်။
မြင်စိုင်းရွှေမြေ၊ ပန်းသင်းခွေ။
ပင်ခြေ ချုံထက်နွယ်၊ ချုံထက်နွယ်။
တောင်လေရှန်းရှန်း၊ မိုးခတ်အုန်း။
ကင်ပုန်း ပွင့်ချီချယ်၊ ပွင့်ချီချယ်။
နွယ်ပန်းခွာညို၊ ပွင့်ပေလို၊
ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်။
တောင်ထွတ်ဖျားဆီ၊ ရွှေစာတီ။
သရီရဓာတ်စွယ်၊ သရီရဓာတ်စွယ်။
ယာဆီမြေကောင်း၊ ကျသည့်ပြောင်း၊
မနှောင်း မှည့်ဆောလွယ်၊ မှည့်ဆောလွယ်။
ခါနှင့် ဘုတ်ချိုး၊ ကြက်တောမျိုး၊
လိုစိုး ကျက်မြေကျယ်၊ ကျက်မြေကျယ်။

❑

(ကြည့်ရန်။ ။ ဦးကုလားရာဇဝင် ပ–တွဲ။ မှန်နန်းရာဇဝင်၊ ပ–တွဲ။)

mgyoe.com

mgyoe.com

## သူဟောင်းတို့၏ စကားစဉ်
## မင်းသုဝဏ်

မြန်မာစာပေ၏ အရုဏ်ပေါ်စ ကာလတွင် ထင်ရှားသော ပုဂ္ဂိုလ်နှစ်ဦးကား တောင်တွင်းဆရာတော် ရှင်မဟာသီလဝံသနှင့် အင်းဝနေပြည်တော် ဆရာတော် ရှင်မဟာရဋ္ဌသာရ တို့ဖြစ်လေသည်။ ရှင်သီလဝံသည် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် စာဆိုမှု၌ လိမ္မာသည်။ တစ်နေ့သော အခါ ရှင်သီလဝံအလောင်း သူငယ်သည် ဖခင်နှင့်အတူ ငှက်ပစ်တောင် နတ်မိုးဆရာတော်ကျောင်းသို့ ရောက်ကြသည်။ ထိုကာလ၌ သစ်ခေါင်းတွင် ပေါက်နေသော အောက်ချင်းငှက်ငယ်တို့၏ တစီစီတကျာကျာ အော်မြည်သံကို ကြားရသော မောင်ရှင် ပဥ္စင်းတို့သည်–

> အောက်ချင်း ရင်သွေး၊ ဥက မွေးသည်
> ကွေးလေး နုနယ်၊ သနားဖွယ်။

ဟု စာစပ်ကြသည်။ လောကသဘောကို ခေါက်မိသော ရှင်သီလဝံအလောင်း သူငယ်သည် ထိုကိုကြားရသောအခါ 'ကိုယ်တော်တို့ စာစပ်မမှန်'ဟု ဆိုလေ

mgyoe.com

mgyoe.com


ရာ 'အသင်သူငယ်၊ အဘယ်သို့ စပ်ရအံ့နည်း'ဟု မေးကြလေသည်။ ထိုအခါ သူငယ်က–

အောက်ချင်း ရင်အောက်၊ ဥက ပေါက်သည်
တောင်ရောက် နနယ်၊ သနားဖွယ်။

ဟု စပ်ပြလေသည်။ ဤသို့ သဘာဝကျအောင် စပ်ပြသည်ကို နှစ်ခြိုက်သော မောင်ရှင် ပဥ္စင်းတို့လည်း 'အံ့ဖွယ်ရှိစွတကား'ဟု ချီးကျူးကြလေတော့သည်။

ထိုသူငယ်သည် အရွယ်သို့ ရောက်လတ်သော် ထိုနတ်မိုးကျောင်းတွင်ပင် စာပေသင်ယူကာ သာမဏေဘဝကို လွန်မြောက်၍ ပဥ္စင်းဘဝသို့ ရောက်လေတော့သည်။ ပါဠိကျမ်းဂန်ကိုလည်း အလွန်တတ်တော်မူလေသည်။ မြန်မာကဗျာဖွဲ့မှုတွင်လည်း အလွန်တတ်တော်မူလေသည်။ ထို့ကြောင့်လည်း 'ပိဋကတ်သုံးပုံ၏မာတိကာ'ဟု ထင်ရှားသော ပါရမီခန်းပျို့ကို ဖွဲ့ဆိုသီကုံးနိုင်စွမ်းလေသည်။ ဝါတော် ၂၀ ရှိသောအခါ စာလည်းသင်လိုသော ဆန္ဒပေါ်လာသဖြင့် ပါရမီတော်ခန်း ကမ္ဗလေ့စာထုပ်ကိုထမ်းကာ ပုဂံမြို့သို့ သွားလေသည်။ ထိုမှတစ်ဆင့် အင်းဝနေပြည်တော်သို့ တက်သည်။

ထိုကာလ၌ နေပြည်တော်တွင် ရှင်ရဋ္ဌသာရဘွဲ့တော်ရှိသည့် စာဆိုပုဂ္ဂိုလ်တစ်ပါး ထင်ရှားလျက်ရှိလေသည်။ ဝါတော်မှာကား ၅ ဝါမျှသာ ရှိလေသေးသည်။ ရှင်ရဋ္ဌသာရသည် မွန် မြန်မာ မဟာမျိုး၊ မဟာနွယ်မှ ပေါက်ဖွား၍ ဒုတိယမင်းခေါင်၏ ထီးရိပ်နန်းတွင်း၌ ကြီးပြင်းလာခဲ့သူဖြစ်သည်။

သီရိလင်္ကာ (သီဟိုဠ်)ရောက် ဆရာတော်ကြီးထံတွင် ပါဠိသက္ကတ စာပေကျမ်းဂန်များကို သင်ယူလျက်ရှိသည်။

နေပြည်တော်သို့ ရှင်သီလဝံ ရောက်လတ်သော် 'အင်းဝပြည်သို့ ဆင်ဖြူတော်ဝင်သည်'ဟု ကောလာဟလဖြစ်လေသည်။ ရှင်ရဋ္ဌသာရလည်း ဆင်ဖြူတော်ကို တွေ့လိုသဖြင့် တစ်နေ့သောအခါ ထူပါရုံစေတီတော်သို့

mgyoe.com

mgyoe.com

ကြွသွားရာ ရှင်မဟာသီလဝံနှင့်တွေ့၍ နှုတ်ခွန်းဆက်ကြလေသည်။

**ရှင်ရဋ္ဌသာရ။** ။ တောင်တွင်းမြို့၌ မိုးကောင်းပါ၏လော။ စပါးဝမ်းစာ ပြည့်ခိုင်ပါ၏လော။

ရှင်သီလဝံသည် မိုးကောင်းကြောင်း၊ စပါးဝမ်းစာ ပြည့်စုံကြောင်း ဖြင့် ဖြေဆိုခိုက် 'ငါ့အား တောင်သူလယ်သမား ထင်၍ ဤသို့ မေးသည်။ ငါကလည်း ပြန်၍ မေးရတော့အံ့'ဟု တွေးကြံမိသဖြင့်–

**ရှင်သီလဝံ။** ။ နေပြည်တော်၌ ရဟန်း သာမဏေတို့သည် တိန်းညက်ဆိုး၊ နန္ဒင်းဆိုး သင်္ကန်းများကို ဝတ်ရုံကြပါသလား။ ပွဲလမ်း သဘင် ကြည့်ကြပါသလား။ ပန်းပန်ကြပါသလား။ နံ့သာလိမ်းကြပါသလား။

ရှင်ရဋ္ဌသာရသည် မဖြေနိုင်တော့ချေ။ ဟုတ်၏ဟု ဝန်ခံလျှင် မိမိတို့လည်း ရဟန်းတု ရဟန်းယောင် စာရင်းတွင် ပါချေမည်။ မဟုတ်ဟု ငြင်းဆိုပြန်လျှင်လည်း၊ ပွဲကျောင်း သံဃာများသည် သင်္ကန်းလှဝတ်ကြသည်။ ပွဲကြည့်ကြသည်။ ပန်းပန် နံ့သာလိမ်းကြသည်ဖြစ်၍ မုသားပြောရာ ရောက်ချေမည်။ ထို့ကြောင့် ဆိတ်ဆိတ် ပြန်ကြွရလေသည်။

တစ်နေ့သော် ရှင်သီလဝံနှင့်သီရိလင်္ကာ(သီဟိုဠ်)ရောက် ဆရာတော် တို့ တွေ့ဆုံမေးမြန်း ပြောဆိုကြသည်။

**သီဟိုဠ်ရောက်။** ။ မောင်ပဥ္စင်း။ နေပြည်တော်သို့ ဘာအကြောင်းနှင့် ရောက်လာပါသနည်း။

**ရှင်သီလဝံ။** ။ ဆရာတော်ထံတွင် စာပေသင်လို၍ ရောက်လာပါသည်။

**သီဟိုဠ်ရောက်။** ။ နေပြည်တော်တွင် ကျွန်ုပ် သီဟိုဠ်ရောက်ဆရာ သည် ကျောက်ပျဉ်ကြီးနှင့် ပမာတူသည်။ ပစ္စည်းငယ်များကို ကျောက် ပျဉ်တွင် တင်ကြိတ်လျှင် ကြေမွပျောက်ပျက်ရသကဲ့သို့ အဝေးမြို့ရွာက စာပေကျမ်းဂန်တတ်သည်ဟု ရောက်လာသူသည် ကျွန်ုပ်ထံတွင် ပျောက် ပျက်လေသည်။

**ရှင်သီလဝံ။** ။ ဟုတ်သင့်ပေသည်။ သို့ရာတွင် ယခု ဆရာတော် ခြေရင်းသို့ ရောက်လာသူသည် ကျောက်ပျဉ်ကို မဆိုထားဘိ၊ မြင်းမိုရ်တောင်ကိုပင် ဖောက်ထွင်းနိုင်စွမ်းသော အဏုမြူဖြစ်ပါသည်။

mgyoe.com

mgyoe.com


သီဟိုဠ်ရောက်ဆရာတော်လည်း ဆိတ်ဆိတ်နေရလေတော့သည်။

ဒုတိယမင်းခေါင်လည်း ရှင်သီလဝံ၏ ကျော်စောသတင်းကို ကြား ရရုံမျှမက ဆရာတော်၏ ပျို့၊ လင်္ကာ မေတ္တာစာတို့ကို ကြားနာမှတ်သားရ သည်ဖြစ်သောကြောင့် ကြည်ညိုစိတ်ပွားကာ ရတနာဗိမာန်ကျောင်းကြီးကို တင်လှူတော်မူလေသည်။ တောင်တွင်းဆရာတော်လည်း တပည့်သား သံဃာအများကို စာပေပို့ချနေလေသည်။

တစ်နေ့နံနက် ဆွမ်းခံချိန်တွင် ရှင်သီလဝံနှင့် ရှင်ရဋ္ဌသာရတို့ ဆုံမိကြ ရာ နေပြည်တော်ဆရာက စာစ၍ ချိုးလေသည်။

**ရှင်ရဋ္ဌသာ။ ။** ဖျတ်စီးဖျတ်စတ်၊ တလပတ်*နှင့် ရှင်ငတ် ဘယ်က လာသနည်း။

**ရှင်သီလဝံ။ ။** ရွတ်ရီး ရွတ်ရိ၊ နောက်ခြေမိုနှင့် ရှင်အို ဘယ့်ကြောင့် မေးသနည်း။

တစ်နေ့သဥ္စလည်း ဆရာတော်နှစ်ပါး ဆုံမိကြပြန်သည်။

**ရှင်ရဋ္ဌသာရ။ ။** တောင်တွင်းသမင် ချိုထောင်လှသည်။

**ရှင်သီလဝံ။ ။** တို့ခင်၊ တောင်တွင်းကြီးမှာ ချုံပိတ်ပေါင်းထူထပ်၍ မဝင့်သာသောကြောင့် ရတနာပူရ ရွှေပြည်တော် အဝတွင် ဝင့်လို၍ ချိုထောင်ပေသည်။

ဘုရင်မင်းခေါင်လည်း ဆရာတော်နှစ်ပါးကို နန်းတော်သို့ မပြတ် မလပ်ပင့်ကာ ဆရာတော်တို့ စီကုံးဖွဲ့နွဲ့သည့် ပျို့လင်္ကာတို့ကို နာယူလေ့ ရှိလေသည်။ တစ်နေ့သောအခါ ဤသို့ ပင့်၍ တောင်တွင်းဆရာတော်၏ ပါရမီခန်းနှင့် ဆုတောင်းခန်း၊ နေပြည်တော် ဆရာတော်၏ ဘူရိဒတ်ဇာတ် ပေါင်းခန်း၊ စာသုံးစောင်ကို ရွှေကလပ်တို့၌ အသီးသီးတင်ကာ စာတော် ဖတ်တို့ကို တစ်စောင်စီ အလှည့်အလည် ဖတ်စေသည်။ ပြီးသောအခါ ဘုရင်မင်းခေါင်က 'တောင်တွင်းဆရာတော်၏ စာတို့သည် စည်ကြီးသံကဲ့ သို့ ရှိပေသည်။ နေပြည်တော်ဆရာတော်၏စာမှာ တူရိယာငါးပါးကို တစ်ပြိုင် နက် တီးသံကဲ့သို့ ရှိပေသည်'ဟု မှတ်ချက်ချပြီးနောက် 'ကျောင်းတော်သို့

* တလပတ်=တာလ+ပတ္တ=ထန်း+ရွက်=ယပ်

mgyoe.com

mgyoe.com


မပြန်ခင် ကိုယ့်ဂုဏ်ကိုကိုယ် ချီးမြှင့်၍ စာဖွဲ့တော် မူခဲ့ကြပါဦး'ဟု လျှောက်ထားသဖြင့်–

ရှင်ရဋ္ဌသာရ။ ။ တောင်ကိုမဖောက်၊ တောင်းကို ဖောက်သည်။ စူးဆောက်ပမာ၊ ရဋ္ဌသာ။

ရှင်သီလဝံ။ ။ တောင်းကိုမဖောက်၊ တောင်ကို ဖောက်သည်၊ စိန်ကျောက်အသွင်၊ သီလဝင် ဟု အသီးသီး မိန့်တော်မူကြကာ ပြန်ကြွတော်မူကြလေသည်။

တစ်နေ့သောအခါ နေပြည်တော် ဆရာသည် တပည့်ငယ်တစ်ဦးကို စေလွှတ်၍ 'ကုန်သည် လင်မယားကို သနားတော်မူလိုက်ပါဟု တောင်တွင်းဆရာထံ လျှောက်တောင်းချေ' စေရာ၊ တောင်တွင်းဆရာတော်က ဆင်ခြင်တော်မူသည်မှာ 'ကုန်သည်တို့ ဘာဝ ယောကျ်ားမှာ ထမ်းသည်၊ မိန်းမမှာ ရွက်သည်၊ နေပြည်တော်ဆရာသည် ထန်းရွက်(ထမ်းရွက်)ကို တောင်းသည်ဖြစ်မည်'ဟု ထန်းရွက်ကို ပေးလိုက်သည်။ ရှင်ရဋ္ဌသာရ၏ စကားဝှက်မှာ ပြေလည်လေတော့သည်။

ဤသို့ မိမိအား အမျိုးမျိုးပညာစမ်းသော ရှင်ရဋ္ဌသာရကို တုံ့ပြန်သောအားဖြင့် ပြက်ရယ်ပြုလိုသော ရှင်သီလဝံသည် တစ်နေ့သောအခါ မြွေရှင်ငယ်တစ်ခုကို ကြုတ်၌ ထည့်ပြီးလျှင် 'မွေ့ရှင်တော်ဖြစ်သည်ဟု ကပ်ချေ။ မျိုးမည်ဇာတိကို ထုတ်ဖော်၍ ယောင်လိမ့်မည်။ ယောင်သံကို မြဲမြဲမှတ်ခဲ့' ဟု ဖိုးသူတော်ကို မှာလိုက်သည်။ ဖိုးသူတော်က 'မွေ့ရှင်တော်ပါဘုရား'ဟု ကြုတ်ကိုကပ်ရာ ရှင်ရဋ္ဌသာရလည်း ရုတ်တရက် ကြုတ်ကိုအဖွင့် မြွေရှင်ငယ်တွန့်တွန့်ကို မြင်၍ 'အို ရိုင်း'*ဟု ယောင်တော်မူလေသည်။ ယောင်ပြီးနောက်မှ 'ငါ၏ဇာတိကို သိလို၍ တောင်တွင်းဆရာ ပြက်ရယ်ပြုလေသည်'ဟု ရိပ်မိကာ 'သူတော်မိုက်၊ သင့်ဆရာကို လျှောက်လေ။ အိုရိုင်းဟူသော အသံသည် တလိုင်းသံဖြစ်သည်။ တလိုင်း တလိုင်း၊ လိုင်းသည်မည်ကာ၊ မမှတ်သာဘူး'ဟု မိန့်ဆိုတော်မူလိုက်သည်။

တစ်နေ့သော် ရှင်ရဋ္ဌသာရသည် ဘူရိဒတ်ဇာတ်ပေါင်းပျို့ကို ရေးအံ့ဟု

---

* အို ရိုင်း–အိုင် ယာ= အို အမေ၊ အမယ်လေး။

mgyoe.com

mgyoe.com


ကျောင်းတော်က ဥမင်ရွှေဂူသို့ကြွရာတွင် ရှင်သီလဝံ၏ ဖိုးသူတော်နှင့်ကြုံ၍ ဖိုးသူတော်က 'အရှင်ဘုရား၊ အဘယ်သို့ ကြွမည်ပါနည်း'ဟု လျှောက်ထားရာ 'ဘောဂဝတီနဂါးပြည်သို့ ငါကြွတော်မူမည်'ဟု မိန့်တော်မူလေသည်ကို ရှင်သီလဝံကြားသောအခါ နေပြည်တော်ဆရာ ကျောင်းသို့ အပြန်တွင် လမ်းခရီးက တွေ့အောင် စောင့်၍ ဤသို့ ဤသို့ မေးချေဟု စကားထည့်ကာ ဖိုးသူတော်ကို လွှတ်လိုက်လေသည်။

**ဖိုးသူတော်။ ။** ကိုယ်တော်ဘုရား။ ဘောဂဝတီနဂါးပြည်က ပြန်ခဲ့ပေသလော။

**ရှင်ရဋ္ဌသာရ။ ။** ပြန်ကြွခဲ့သည်။

**ဖိုးသူတော်။ ။** ဓတရဋ္ဌနဂါးမင်း၏ သားတော် အငယ်မောင်ကာနာရိဋ္ဌသည် လက်ယာလက်ဝဲ နှစ်ကွဲနှစ်ဝ နှစ်ဌာနတွင် အဘယ်မျက်စိ ကန်းပေသနည်း။

နေပြည်တော်ဆရာ အခက်ကြုံလေသည်။ မည်သည့်မျက်စိကွယ်ကြောင်းကို ကျမ်းဂန်တို့တွင် မဆိုချေ။

**ရှင်ရဋ္ဌသာရ။ ။** သူတော်၊ မောင်ကာနာရိဋ္ဌသည် မယ်တော် သမုဒ္ဒဇာဒေဝီနှင့်အတူ မိန်းမဆောင်တွင် စံနေသဖြင့် မတွေ့ခဲ့ရပါ။

ဤသို့ မိမိက ပညာစမ်းသောအခါလည်း မိမိကိုနိုင်၊ မိမိကိုပညာစမ်းသောအခါလည်း မိမိကို နိုင်လေသည်ချည်း ဖြစ်နေသဖြင့် နေပြည်တော်ဆရာရှင်မဟာရဋ္ဌသာရသည် နေပြည်တော်မှ အမှတ်တမဲ့ ထွက်ခွာကာ သရေခေတ္တရာပြည်မြို့သို့ စုန်သွားတော်မူလေသည်။

❑

(ကြည့်ရန်။ ။ ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရ အမေး အဖြေ။)

mgyoe.com

mgyoe.com

# ဤစာကိုးခန်း ပုလဲပန်း
## မင်းသုဝဏ်

ရှင်မဟာရဋ္ဌသာရသည် ပျို့လင်္ကာစပ်ဆိုမှုတွင် များးစွာဝါသနာ ထုံသည်။ သာချင်းသည်များဟု တံဆိပ်မည်း ခတ်ကာ သံဃာတော်တို့၏ ကြဉ်ရှောင်ခြင်းကိုပင် ခံရသည်ဟု အမှတ်အသားရှိလေသည်။ ဆရာတော် ၏ အဖွဲ့အနွဲ့တို့သည် လောကီလောကုတ္တရာ အနှစ်သာရတို့နှင့်ပြည့်စုံ၏။ ဆရာတော်နှင့်ခေတ်ပြိုင် တောင်တွင်းဆရာတော် ရှင်မဟာသီလဝံသ၏ စာ တို့မှာကား လောကုတ္တရာသက်သက်ဖြစ်သည်။ ထို့ကြောင့်ပင်လည်း 'ရှင်ရဋ္ဌ သာရ၏ စာတို့သည် ထန်းတက်သမား၏ ရင်ဘတ်နှင့်တူသည်။ ရှင်သီလဝံ ၏ စာတို့သည် လိပ်၏ရင်ဘတ်နှင့် တူသည်'ဟု ရှေးသူဟောင်းတို့ ဆိုစဉ် ပြုလေသည်။ ထန်းတက်သမား၏ရင်ဘတ်သည် ထန်းပင်နှင့်ထိတုံ ထန်းပင် မှကွာတုံ ဖြစ်သကဲ့သို့ ရှင်ရဋ္ဌသာရ၏ ပျို့လင်္ကာတို့သည် လောကုတ္တရာနှင့် ယှဉ်တုံ၊ လောကုတ္တရာမှ ကွာတုံဖြစ်သည်။ လိပ်ရင်ဘတ်သည် မြေနှင့်မကွာ အမြဲကပ်လျက် ရှိသကဲ့သို့ ရှင်သီလဝံ၏ပျို့လင်္ကာတို့သည် လောကုတ္တရာ နှင့် အမြဲယှဉ်သည်။ ရှင်ရဋ္ဌသာရ၏ စာတို့တွင် အထင်ရှားဆုံးကား 'စတုဓမ္မ သာရ ကိုးခန်းပျို့'ပင်တည်း။ ကိုးခန်းပျို့၏ဂုဏ်တို့မှာ တရားတော်၏ မွန်

mgyoe.com

mgyoe.com


မြတ်ခြင်းအပြင် အရေးအသားညက်ညောခြင်း၊ အစီအကုံးလွယ်ကူရှင်းလင်းခြင်း၊ အခိုင်အနှိုင်းထင်ရှားပေါ်လွင်ခြင်း၊ ဖွဲ့နွဲ့ပုံ ဆန်းကြယ်ထူးထွေခြင်း စသည်တို့ဖြစ်သည်။

ရှင်ရဋ္ဌသာရ၏ ထေရုပ္ပတ္တိကို 'သူဟောင်းတို့၏ စကားစဉ်'တွင် ဆိုပြီးဖြစ်သော်လည်း ကိုးခန်းပျို့လာ ဆရာတော်ကိုယ်တိုင်ရေး အတွင်းသက်သေတို့ကို ကိုးကားကာ အနည်းငယ်ဆိုပါဦးအံ့။ ရှင်ရဋ္ဌသာရ၏အဖမှာ ဟံသာဝတီဘုရင်မကြီး ရှင်စောပု၏ အနွယ်ဖြစ်သည်။ အမိမှာ အင်းဝမြို့တည် သတိုးမင်းဖျား၏ အနွယ်ဖြစ်သည်။ ရှင်ရဋ္ဌသာရ အလောင်းငယ်မည် မောင်မောက်ကို သာသနာသက္ကရာဇ် ၂၀၁၂ ခု၊ မြန်မာသက္ကရာဇ် ၈၃၀ ပြည့် (ဘုရင်မဟာသီဟသူရ) နန်းတက်သောနှစ်တွင် အင်းဝနေပြည်တော် အလယ်၌ မွေးဖွားသည်။ ထို့ကြောင့် ကိုးခန်းပျို့နိဂုံး၌—

> 'ရုံဆိုင်းသာလှ၊ ရွှေအင်းဝ၌၊ နန်းကမြင်ထင်၊ မြို့လယ်ခွင်ဝယ်၊ သခင်ဘုရား၊ ထားသည့်သာသနာ၊ သချာအမှန်၊ နှစ်ထောင်လွန်၍၊ အစွန်မြတ်မူ၊ ဆဲ့နှစ်ခုဝယ်*၊ ပညာပွားဖို့၊ ကုသိုလ်ပို့သား၊ ငါတို့ ဖွားရာ၊ ချက်မြှုပ်ရှာသည်၊ အောင်ချာပြည်ကြီး နားတောင်းတည်း။'

ဟု စပ်ဆိုတော်မူခဲ့သည်။ မောင်မောက်သည် အင်းဝနန်းတော်တွင်း၌ ကြီးပြင်းခဲ့ပြီးနောက် စစ်ကိုင်းချောင်တွင် သီတင်းသုံးသော သီဟိုဠ်ရောက် ဆရာတော်ကြီးထံတွင် ပါဠိသက္ကတတို့ကို လေ့လာသင်ကြားသည်။ ထို့နောက် ဒုတိယမင်းခေါင်က လျှောက်ထားတောင်းပန်သဖြင့် ကိုးခန်းပျို့ကို စတင် စီကုံးသည်။ ကျမ်းမပြီးခင်ပင် ဘုရင်မင်းခေါင်လည်း အနိစ္စရောက်၊ အင်းဝပြည်ကြီးလည်း တိမ်းယိမ်းပျက်ပြား၊ ဆရာတော်လည်း ပြည်မြို့သို့ စုန်တော် မူခဲ့ရရှာသည်။ သို့သော်လည်း ဆရာတော်ကား မိဘသဖွယ်ဖြစ်သော ဘုရင်

* သာသနာသက္ကရာဇ်ကို မြန်မာသက္ကရာဇ်ပြုလိုသော် ၁၁၈၂ (ဧကွေး၊ ဧကွေး၊ အဋ္ဌ၊ ဒွေး)နုတ်ရသည်။ ၂၀၁၂ တွင် ၁၁၈၂ နုတ်သော် ၈၃၀ ဖြစ်သည်။

mgyoe.com

mgyoe.com


မင်းခေါင်ကို မေ့တော်မမူ။ ပြည်မြို့တွင် ကိုးခန်းပျို့ကို နိဂုံးချုပ်သောအခါ ဘုရင်မင်းခေါင်တို့ ဇနီးမောင်နှံကို အောက်မေ့တသတော်မူကာ–

'ငါ့တကာနှင့်၊ ငါ့သာရဟန်း၊ လူ့ဝယ်ထွန်းသို့၊ ရှင်ပန်းမညှိုး၊ လွန်မြတ်နိုးလျက်၊မင်းစိုးဆွေစုံ၊ရွှေဘုံပျော်ညောင်း၊ ဗိမာန်ပြောင်းလည်း၊ ဓာတ်ပေါင်းပြီးချုပ်၊ စာကိုးအုပ်ဖြင့်၊ ထုပ်ထုပ်ပိုက်ပိုက်၊ သဂြိုဟ်လိုက်၏။ တိုက်ရိုက်နတ်နား၊ ကြားပါလေ၍၊ နာစေခလို၊ တောင့်တဆိုသည်၊ ကုသိုလ်ဝေငှ ဆင့်လောင်းတည်း။'

ဟု ဖွဲ့ဆိုကာ အမျှပေးဝေရှာလေသည်။

ရှင်ရဋ္ဌသာရသည် ငယ်ရွယ်စဉ်က 'ဓာတုပုညၓုဏ်မာန'ဟူသော အားသုံးပါးဖြင့် ထောင်လွှားကာ မောင်မောက်ဟူသော အမည်နှင့်လိုက်အောင် မောက်မာ ခက်ထန်ခဲ့ဟန်တူသည်။ ကြီးရင့်သောအခါတွင်ကား ပညာရှိသူတော်ကောင်းပီပီ နောင်တ တရားရ၍ ထိုနိဂုံးတွင်ပင်–

'ငါနှင့်ငါသာ၊ နိုင်းစရာဟု၊ ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆို စလောက်၊ မာန်စောင် မြောက်၍၊ နှုတ်ငေါက် လွန်မိ၊ ဒေါသရှိလည်း၊ နှောင်းပြီတခါ၊ ရိုသေစွာလျှင်၊ ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ် ကျန်းမာန်လျှော့၊ ငါကန်တော့၏။ မပေါ့ချစ်ခင်၊သားနှယ်ကြင်၍၊အရှင်တကာ၊သည်းခံပါလော့၊ မေတ္တာမသွေ၊မုန်းထုံ့ဖြေသည်၊မျက်ပြေသူတော်ကျင့်ဟောင်းတည်း။'

ဟု စပ်ဆိုဝန်ချ ကန်တော့ရှာလေသည်။ 'အရှင်တကာ'တွင် တောင်တွင်းဆရာ ရှင်မဟာသီလဝံသလည်း ပါမည်ပင်။

ကိုးခန်းပျို့အကြောင်းကို ပြန်ကောက်ရမည်ဆိုလျှင် ကိုးခန်းပျို့လည်းခေါ် ဟတ္ထိပါလပျို့သည် ဟတ္ထိပါလ အစရှိသော ညီနောင်လေးဦးတို့

mgyoe.com

mgyoe.com


တောထွက်ခန်းအကြောင်းပင် ဖြစ်သည်။ ဗာရာဏသီမင်းကြီး၏ ပုရောဟိတ်တွင် သားလေးယောက် ဖွားမြင်သည်။

'နင့်သားလှတို့၊ တကွမျိုးဘောင်၊ အိမ်မထောင်ပဲ၊ နက်နဲသိမှု၊ ပျိုရွယ်နုက၊ ပြုလိမ့်ရဟန်း။'

ဟု နတ်တို့ ပြောစကားကို မလိုလားသော ပုဏ္ဏားကြီးသည်–

'ရဟန်းစင်စစ်၊မဖြစ်စိမ့်ငှာ၊ငယ်သောခါ၀ယ်၊ ပျက်ရာယှဉ်က၊ ပျက်တတ်စွ။'

ဟူသော အယူဖြင့် သားတို့ကို ဆင်ထိန်း၊ မြင်းထိန်းတို့ထံ၌တွင် အပ်နှံကာ ကြီးပြင်းစေသည်။ တစ်နေ့သောအခါ မင်းကြီးနှင့်ပုရောဟိတ်တို့သည် သားတော်တို့၏သဘောကို စုံစမ်းအံ့သောငှာ၊ ရသေ့ရဟန်းအသွင်ဆောင်၍ ဟတ္ထိပါလ သားတော်ကြီးအိမ်တွင် ဆွမ်းရပ်သည်။ ဟတ္ထိပါလလည်း ရသေ့ရဟန်းအသွင်ကို မြင်လျှင်ပင် တောထွက်လိုစိတ်၊ ရဟန်းပြုလိုစိတ် ရှိလေတော့သည်။ သို့သော်လည်း ခမည်းတော် ပုရောဟိတ်က ငယ်ရွယ်စဉ် နုပျိုခိုက်၌ ပုဏ္ဏားတို့ဘာ၀ ဗေဒင်သုံးပုံကို သင်ပါဦး၊ အိမ်ထောင်သားမွေးမှုကိုပြုပါဦး စသည်ဖြင့် လောကီကြောင်းဖြင့် ဖြားယောင်းလေသည်။ ဟတ္ထိပါလသတို့သားကား ဗေဒင်တွင် အယုံ မရှိ၊ ကံ,ကံ၏အကျိုးကိုသာလျှင် ယုံသော ပုဂ္ဂိုလ်ဖြစ်သဖြင့် ခမည်းတော်တို့အား သာယာညင်းပျောင်းတရားချသည်မှာ များစွာ အချက်ပိုင်လေသည်။ ဤအချက်၌ ရှင်ရဋ္ဌသာရသည် ခမည်းတော်တို့ကိုသာလျှင် တရားချသည်မဟုတ် လူတို့၏ ကြံမှုဖန်မှု၊ လုပ်ကိုင်ကြီးစားမှုတို့တွင် ခလုတ်တံသင်းသဖွယ် နှောင့်ယှက်လျက်ရှိသည့်ဗေဒင်ကို များစွာယုံကြည်သဖြင့် မကြီးပွားနိုင်သော မြန်မာနိုင်ငံသားအပေါင်းတို့ကိုလည်း ဆုံးမလိုဟန်ရှိလေသည်။

mgyoe.com

mgyoe.com


'ဖြစ်ခေါင့်ဖြစ်ခဲ၊ ကျောက်စစ်သဲကို၊
ရွှဲရွှဲဆိုရည်၊ ထွက်စိမ့်သည်ဟု၊
ဆုံကျည်အဝ၊ ပွတ်မှားကြသို့၊
ထိုမှတစ်ပါး
ယောက်ျားမိန်းရှာ၊ ညဥ့်အခါဝယ်၊
ရောင်ဝါထွန်းမြူး၊ ပိုးစုန်းကြူးကို၊
မုူးတူးမင်တင်၊ ကယ်ကောင်းထင်၍၊
တောက်ရှင်နိုးနိုး၊ မှိုက်ကောက်ရိုးဖြင့်၊
မှုတ်ကြိုးသံပ၊ လက်မချသို့၊
ဗာလအစစ်၊ သူမိုက်ညစ်လျှင်၊
ဆန်ဖြစ်စေကြောင်း၊ ဖွဲကိုထောင်းသော်၊
ပန်းညောင်းကာမျှ၊ ဆန်မရသို့၊
မွေးဖချီးမွမ်း၊ တိတ္ထိကျမ်းကို၊
စွဲလမ်းအယူ၊ သင်သောသူသည်၊
ထို့တူလည်းကောင်း၊ ဖြစ်ရာရှောင်း၏။
တွင်းခေါင်းလှာလှာ၊
အကာပြဲ့ပြဲ့၊ အနှစ်မဲ့တည်း။'

ဟု ဗေဒင်မှုမျိုးကို လုံးဝပယ်လေသည်။ ထိုထက် ထင်ရှားအောင် ဆက်လက် ဆိုပြန်သည်ကား။

'ယာယီယတြာ၊ဇာတာအိပ်မက်၊မဖျက်မပြု၊ထိုတစ်စုကား၊
သိမှုတွေးဆ၊ ပညတ်မျှသာ၊ ကြောင်းရင်းစွာမှု၊ ကြမ္မာဖြင့်
ချည်း၊ဖြစ်သတည်းဟု၊ခမည်းယုံစေ၊ စိတ်မသွေလင့်...။'

ဟု ဖြစ်လေသည်။ ဤအရာတွင် ပုဏ္ဏားတို့ သင်ရိုးဗေဒင်သုံးကျမ်းသည် မြန်မာတို့နားလည်သော ဗေဒင်မျိုးမဟုတ်။ ယဇ်ပူဇော်မှုနှင့်စပ်လျဉ်းသော ကျမ်းများသာ ဖြစ်လေသည်။ သို့သော်လည်း မြန်မာတို့၏ချို့ယွင်းချက်ကို

mgyoe.com

mgyoe.com


ပြုပြင်လိုသော ဆန္ဒတော်ကြီးသည့် ရှင်ရဋ္ဌသာရသည် ပုဏ္ဏားတို့၏ ဗေဒင်ကို မြန်မာဗေဒင်နှင့်ဖလှယ်ကာ အကျယ်တဝင့် ရေးသားဟောပြောရှာခဲ့သည်။

ရှင်ရဋ္ဌသာရသည် မဟာမျိုး မဟာနွယ် ဖြစ်၍ ထီးရိပ်နန်းတွင်းတွင် ကြီးပြင်းလာခဲ့သူဖြစ်လင့်ကစား မြန်မာတို့၏အသက်သွေးခဲဖြစ်သော ဗိုင်းမှု၊ ဝါမှု၊ ထွန်ယက်စိုက်ပျိုးမှုတို့ကို လျစ်လျူမပြု၊ အထူးဂရုစိုက်လေ့လာကာ အခါအခွင့် သင့်တိုင်း မိမိကဗျာတွင်ထည့်သွင်းဖွဲ့နွဲ့လေ့ရှိသည်။ နှောင်နှောင်းသော စာဆိုများစွာတို့သည်ကား ထီးမှုနန်းရာတို့ကိုသာ အရေးပေးကြတော့၏။ ကိုးခန်းပျို့တွင် စေးသံ၊ တောသံ၊ မောင်းထောင်းဆန်ပြာသံ၊ ဝါဖန်ချည်ဝင့်သံတို့ဖြင့် သာယာငြိမ့်ညောင်းရှိပုံကို ဆိုပါဦးအံ့။ ဟတ္ထိပါလတို့၏မိခင် ပုဏ္ဏေးမကြီးသည် မယားကောင်းပီပီ ဝတ္တရားကျေပွန်ပုံကို ဖွဲ့နွဲ့ရာတွင်–

> 'လင်ကိုမရိုင်း၊ နေ့တိုင်းညဥ့်က၊ နိုးလုံ့လလျက်၊ စိမ်ထမျိုးပဲ၊ထွန်ကြဲတကြိုက်၊ကောက်စိုက်ပျိုးနုတ်၊ခြံထုတ်ကျွဲနွား၊ လယ်အား ရေလောင်း၊သွန်းချူမောင်းနှင့်၊ဖွပ်ထောင်းချက်ပြုတ်၊နှုတ်မည်လျှင်း၊ ဆော်ဖန်ပြင်းသည်၊ မြော်တင်းစီရင်ရန်၏ တည်း။'

ဟူ၍လည်းကောင်း၊

> 'ဗိုင်းမှုဝါမှု၊ ညီစေတုသို့၊ ဖန်ပြုဖျစ်ကြိတ်၊ အိမ်လုံးထိတ်မျှ၊မဆိတ်မညံ၊ချည်ဝင့်သံလည်း၊တရံမပြတ်၊ချားရဟတ်နှင့်၊ ချည်သွတ်မချာ၊ ချည်စာယူထ၊ မအားကြတည့်။'

ဟူ၍လည်းကောင်း၊ လုပ်မှုကိုင်မှုကို ဂုဏ်တင်ကာ ရေးစီတော်မူခဲ့သည်။

တစ်ဖန်တုံလည်း တောင်သူလယ်သမား ဆင်းရဲသားတို့သည် နွားကိုချစ်ပုံ၊ လယ်ကိုခင်ပုံ၊ စိုက်ပျိုးမှု၌ စိတ်ဝင်စားပုံတို့ကို ဖွဲ့ဆိုထားသော အပိုဒ်တစ်ခုမှာ လူအများ၏ လျစ်လျူပြုမှုကို ခံရသလောက် အဖိုးတန်သည်ကို အောက်ပါကောက်နုတ်ချက်ဖြင့် ချင့်ချိန်နိုင်အံ့သည်။

mgyoe.com

mgyoe.com


"မိုးရှာထစ်အုန်း၊ လုပ်ဆောင်တုန်းဝယ်၊
လျှိုးပုန်းစုံပြား၊ ပျောက်သည့်နွားကို၊
ယောက်ျားနွားရှင်၊ မွေ့ မမြင်၍၊
ထွန်ချင်ငမ်းငမ်း၊ လယ်မှာလွမ်းလျက်၊
တသမ်းရှောက်ရှောက်၊ တချောက်ချားချား။
ဖွေကြည့်များသော်၊
နွား၏ခြေရာ၊ မြင်သောခါ၌၊
မျက်နှာရွှင်ပျ၊ စိတ်ကြွကြွလျှင်၊
မရမချင်း၊ ရှာဖွေပြင်းသို့၊
နောင်မင်းနှစ်ယောက်၊ ညွှန်ပေမြော်ကသား၊
လမ်းထောက်ပဒ၊ ဝဋ္ဋဖြင့်၊
မှီထ လျှင်ခုပ်၊ ကျွန်ုပ်လိုက်လိမ့် မှန်ပြီတည်း။ ။

❑

---

(ကြည့်ရန်။ ။ စတုဓမ္မသာရ ကိုးခန်းပျို့နှင့် ယင်းဋီကာ။)

mgyoe.com

mgyoe.com

# တောရကျောင်းပျော် ရှင်ညွှတ္တမကျော်
## ဇော်ဂျီ

အခါကား မြန်မာသက္ကရာဇ် ၈၈၂ ခုနှစ်အခါဖြစ်၍ နေရာကား ရတနာပူရ အင်းဝရွှေမြို့ ရွှေလွှတ်တော်အနီး ခမ်းနားသိုက်မြိုက်စွာ ဆောက်လုပ်အပ်သော မင်းတဲကနားတော်တွင် ဖြစ်သည်။

**မင်း။ ။** ဒကာတော်ကို ချီးမြှင့်သောအားဖြင့် နေပြည်တော် ရွှေအင်းဝတွင် သီတင်းသုံးတော်မူပါ။

**ဆရာတော်။ ။** ဆရာဘုန်းကြီးအား သာသနာ့ဒါယကာတော် မင်းမြတ်သာလျှင် ပင့်ဖိတ်တောင်းပန်သည် မဟုတ်။ ခမည်းတော်မင်းတရားလက်ထက်တော်စဉ်အခါကလည်း နေပြည်တော်တွင် သီတင်းသုံးရန် တောင်းပန်လျှောက်ထားဖူးသည်သာတည်း။ ဤသို့အသက်အရွယ်ငယ်စဉ်အခါက တောင်းပန် လျှောက်ထား၍မှ ဆရာဘုန်းကြီး မပျော်နိုင်။ စိမ့်မြိုင်ကြီးရာတွင် ခိုအောင်းနေပါသည်ကို ယခု အသက်အရွယ်ကြီးရင့်မှ နေပြည်တော်တွင် နေရမည်ဆိုသော် မသင့်လျော်ပါ။

**မင်း။ ။** ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်တော်မူရာ အရပ်၌ပင် သီတင်းသုံးတော်မူပါဘုရား။

mgyoe.com

mgyoe.com


အထက်ပါ မင်းနှင့်ဆရာတော်တို့၏စကားကို ကနားတော်အတွင်းရှိ နေပြည်တော်ဆရာ ရှင်ရဋ္ဌသာ။ ထို့အပြင် နေပြည်တော် တံဆိပ်ရ မရ ဆရာတော်များနှင့် မှူးမတ်အားလုံးတို့ ကြားကြလေကုန်သည်။ မင်းမှာ ရတနာပူရ အင်းဝပြည်သခင် ရွှေနန်းကြော့ရှင် နရပတိဖြစ်၍ ဆရာတော်မှာ ရှင်ဥတ္တမကျော် ဖြစ်သည်။

ဆရာတော်သည် ဖျင်နီသင်္ကန်းကို ရုံ၍ သပိတ်ဟောင်း အိတ်ဟောင်းကိုလွယ်၍ စာကမ္ဗလွေ ညစ်ထေးထေးကို ထမ်း၍ ပံသုကူ ဝါးရင်းတောင်ဝှေး ကွေးခွင်ခွင်ကို ဆွဲ၍ မင်းနေပြည်ဆရာတော်တို့နှင့်တကွ မင်းအား နှုတ်ဆက်ပြီးလျှင် တောင်တွင်းကြီးသို့ ပြန်ကြွလေသည်။

ဤအကြိမ်ကား ရှင်ဥတ္တမကျော်သည် အင်းဝသို့ ဒုတိယအကြိမ် ရောက်လာ၍ ရက်အတန်ငယ်ကြာမျှ တရားဓမ္မဟောပြောပြီးလျှင် အင်းဝမှ ဒုတိယအကြိမ် ပြန်ကြွခြင်း ဖြစ်၏ ဟု ဆိုသည်။

အင်းဝသို့ ပထမအကြိမ်ကြွလာသောအခါကား သက္ကရာဇ် ၈၅၉ ခုနှစ်တွင်ဖြစ်သည်။ ထိုအခါက ရှင်ဥတ္တမကျော်သည် မိမိနှင့်ကျောင်းနေဘက် ငယ်သူငယ်ချင်းလည်းဖြစ်၍ အင်းဝတွင် မင်းဆရာတစ်ဆူလည်းဖြစ်သော ရှင်သီလဝံနှင့် တွေ့လိုသောကြောင့် ကြွလာခြင်းဖြစ်သည်။ ရောက်သောအခါ နေပြည်တော်တွင် စကားတတ်တရားတတ်ပင် ဖြစ်သော်လည်း ငါစွဲမာန်ဘုံများသို့ရောက်နေသော ခုံတော်ဦးကျောင်းဘမ်းကို ချေချွတ်ရသည်။ ထိုမှစ၍ ငယ်သူငယ်ချင်းနှင့်လည်း တွေ့ရ၍ မင်းပေါက်စိုးကြားလည်း ဖြစ်လာသည်။ ထိုအခါကလည်း အင်းဝပြည့်ရှင် ခမည်းတော် ဒုတိယဘုရင်မင်းခေါင်သည် ဆရာတော်ကို နေပြည်တော်၌ သီတင်းသုံးရန် ပင့်ဖိတ်တောင်းပန်ဖူးလေသည်။ ဆရာတော်ကား မနေလို။ အင်းဝကို ရှောင်ခွာခဲ့သည်သာတည်း။

ရှင်ဥတ္တမကျော်သည် ထိုအခါမှစ၍ နှစ်ဆယ့်သုံးနှစ် တိုင်တိုင် တောင်တွင်းနယ်ပယ်မှစ၍ တောင်ငူနယ်စပ်၊ ဟံသာဝတီနယ်စပ်အထိ လှည့်လည်၍လည်းကောင်း၊ တောရဆောက်တည်၍လည်းကောင်း၊ တရားအားထုတ်ခြင်း၊ ကျမ်းစီရင်ခြင်း၊ ကဗျာဆိုခြင်း အမှုတို့ကိုပြုသည်။ နောက်ဆုံးသီတင်းသုံးသော တောရကျောင်းသည် ဟံသာဝတီနယ်စပ် ရိုးမတောင်ပြင်တွင် နွားဝန်တင်စခန်းတစ်ခုဖြစ်သော ကမ်းပါးစောက်ရွာ အနီးရှိ တောရ

mgyoe.com

mgyoe.com


ကျောင်းဖြစ်သည်။ ဝါးဘိုးတိုင် လေးပင်သုံးခန်း စလူမိုး၊ အင်ဖက်ကာ ကျောင်းတည်း။

ရှင်ဥတ္တမကျော်သည် နေပြည်တော်တွင် မင်းဆရာတစ်ဆူ မလုပ်လို။ ကျောင်းတိုက်အခြံအရံဖြင့် သီတင်းမသုံးလို။ စည်သံ၊ ခေါင်းလောင်းသံ၊ အဲသီချင်းသံတို့ကို မကြားလို။ ထိုအရံ၊ ထိုအသံတို့မှ လွတ်ရာကျွတ်ရာဖြစ်သော တောအရပ်တွင် အထီးကျန် တရားအားထုတ်လိုသော တောရကျောင်းပျော် ပုဂ္ဂိုလ်ဖြစ်သည်။ သို့ရာတွင် တောအရံဖြစ်သော တောသစ်ရွက်စိမ်း။ တောအသံဖြစ်သော ကျေးသံ ငှက်သံတို့ကို ချစ်ခင်နှစ်သက်သော စာဆိုပုဂ္ဂိုလ်လည်း ဖြစ်သည်။ ယခုအခါတွင် သဘာဝအလျောက်ဖြစ်သော တောဝန်းကျင်၊ ရေဝန်းကျင်၊ ကောင်းကင်ဝန်းကျင်တို့၏ တင့်တယ်ဟန်ကို ဖွဲ့ဆိုကြသော စာဆိုမျိုးကို သဘာဝစာဆိုဟု ခေါ်ကြသည်။ ရှင်ဥတ္တမကျော်သည် ထိုသဘာဝ စာဆိုမျိုးတွင် အပါအဝင် ဖြစ်သည်။

ဆရာတော်သည် တစ်ခါတစ်ရံ ပေါင်းလောင်းမြစ်ကမ်းသို့လည်းကောင်း၊ စစ်တောင်းမြစ်ကမ်းသို့လည်းကောင်း ရောက်ခဲ့ဟန် တူသည်။ မြစ်တွင် ဆရာတော်သည် သဲသောင်ဖွေးဖွေးကိုလည်းကောင်း၊ ကမ်းခြေနှင့် ရေတို့ကိုလည်းကောင်း၊ မြူခိုးဝေသော တောခြေကိုလည်းကောင်း လှမ်းမျှော်မိရာသည်။ သဲသောင်စပ်တွင် အစာရှာရင်း တွန်မြည်တတ်သော ရေကျေးရေငှက်တို့၏အသံကိုလည်း ကြားမိရာသည်။ ဆရာတော်သည် စိတ်မဆည်နိုင်အောင် ဖြစ်မိသောကြောင့်လေလား မသိ–

'သဲခင်းသာဝယ်
သီတာကြည်လဲ့၊ ငှက်သံနွဲ့နှင့်
လွမ်းဘွဲ့မြိုင်ခြေ၊ မြူခိုးဝေခဲ့'

ဟူ၍ မိမိ၏အလွမ်းကို ထုတ်ဖော်ကျူးရင့်ခဲ့သည်။

လွမ်းသည် ဟူသောစကားခွန်းသည် အနက်ထူးထူးထွေထွေရှိသည်ဟု ထင်မိသည်။ လွမ်းသည်ဟူရာ၌ သတိရခြင်း၊ တောင့်တခြင်း၊ တစ်ဖန်ထိုနှင့်အတူ ကြည်နူးခြင်း၊ ကြေကွဲခြင်းကို ယှက်လာစပ်လာသော သဘော

mgyoe.com

mgyoe.com


ဟု ယူသော် ရသင့်လေသည်။ ဥဒါဟရဏ်ကား မယ်ဘွဲ့ မောင်ဘွဲ့ အလွမ်းမျိုးတွင် တစ်စုံတစ်ရာကို မြင်၍သော်လည်းကောင်း၊ ကြား၍သော်လည်းကောင်း မယ်သည် မောင်ကို၊ မောင်သည် မယ်ကို သတိရ၏။ တောင့်တ၏။ ထိုသို့သော စိတ်တွင်ကြည်နူးခြင်းလည်းရှိ၏။ ကြေကွဲခြင်းလည်းရှိ၏။ တစ်ဖန်ကြည်နူးရင်းလည်း ကြေကွဲ၍၊ ကြေကွဲရင်းလည်း ကြည်နူးခြင်းရှိသည်။ ဤကား လွမ်းသည်ဟူသော စကားခွန်း၏အနက်ကို ပေါ်စေရန် အားထုတ်ခြင်းဖြစ်သည်။

ဆရာတော်၏ အလွမ်းသည် ထိုထက်ပို၍ ထူးထွေရာသည်။ လွမ်းဖွယ်တကားဟုဆိုသော ဆရာတော်၏စိတ်အခြေကား အသို့နည်း။ သဲခင်းကို သာယာသည်ဟု ဖွဲ့ဆိုသဖြင့် ဆရာတော်၏စိတ်သာယာဟန် ထင်သင့်၏။ ရေကို ကြည်ကြည်လဲ့လဲ့ဟု ဖွဲ့ဆိုသဖြင့် ဆရာတော်၏ စိတ်ကြည်လင်ဟန် ထင်သင့်၏။ ငှက်သံကို နွဲ့သည် ဖွဲ့ဆိုသဖြင့် ဆရာတော်၏ သနားဟန်၊ ချစ်ခင်ဟန်ထင်သင့်၏။ မြူခိုးဝေသော တောခြေကို ပြပြန်သဖြင့်လည်း ဆရာတော်၏ကြည်နူးခြင်း၊ ကြေကွဲခြင်းတို့ မကွဲမပြား ဝိုးဝါးထွေးယှက်နေဟန် ထင်သင့်သည်။ ထို့ကြောင့် ဆရာတော်၏အလွမ်းကို သာယာခြင်း၊ ကြည်လင်ခြင်း၊ သနားချစ်ခင်ခြင်း၊ ကြည်နူးကြေကွဲခြင်းတို့ ထွေးရောယှက်တင်ဖြစ်နေသော သဘောဟူ၍ ရကောင်းအံ့သို့ ရှိသည်။

ဆရာတော်သည် မည်သည်ကို တောင့်တ သတိရသနည်း။ အဖြေကိုကား မုချမသိသာနိုင်တော့ပြီ။ သို့ မသိသာနိုင်ဖြစ်လင့်ကစား အချက်တစ်ခုမှာ ထင်ရှားသည်။ ထိုအချက်ကား ဆရာတော်သည် ရေ၊ မြေ၊ ကောင်းကင်၊တောတောင်၊အရောင်အဆင်းစသော ရုပ်လက္ခဏာတို့၌ အာရုံဝင်စား၍ နှစ်သက်ပီတိဖြစ်ခြင်း၊ စိတ်အပန်းပြေခြင်းဖြစ်သောအချက်ဟု ယူသင့်သည်။

ထိုအချက်ကို ထင်ရှားစေပါအံ့။ ရံဖန်ရံခါ ဆရာတော်သည် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်တွင် နေနားခိုက် အကိုင်းအခက်မှပြုတ်၍ မြေသို့ သက်လျှောခဲ့သော ရွက်ကျင်တို့ကို နီးနီးကပ်ကပ် မြင်ဟန်တူသည်။ ရွက်ကျင်တို့၌ တစ်ပိုင်းဝါလျက်ရှိပြီဖြစ်သော်လည်း၊ တစ်ပိုင်းစိမ်းလျက်ရှိသေးသည်ကိုလည်း သတိထားမိဟန်တူသည်။ ထိုရွက်ကျင်တို့ကို ရှု၍ ဆရာတော်ကြီးသည် ပီတိဖြစ်ဟန်တူသည်။ ထို့ကြောင့် ဆရာတော်သည်–

mgyoe.com

'လေခမြေသက်၊ ဈာန်ဝိတက်သို့
သစ်ရွက်ယော်ရီ၊ ဣန္ဒနီဝယ်၊
သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့
ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား'

ဟူ၍ ဖွဲ့ဆိုခဲ့သည်။

ရွက်ကျင်တို့မည်သည်မှာ ပေါ့ပါးသော သဘောရှိသဖြင့် ချက်တဖြုတ် မြေသို့ခနိုင်သည် မဟုတ်ချေ။ ဝဲကာ ဆိုင်းကာ ဖြည်းညင်းသာယာစွာ သက်လျော၍သာ ခနိုင်သည်။ ဤသဘောသဘာဝ၌ ဆရာတော်ကြီးသည် အာရုံဝင်စားနိုင်သည်။ ထို့ကြောင့်သာလျှင် ထိုအကြောင်းကို ကဗျာဆိုရာတွင် လေးလေးတွဲ့တွဲ့ ဆိုခဲ့ခြင်း ဖြစ်၍ ဥပမာ ပေးရာတွင်လည်း 'ဈာန်ဝိတက်သို့' ဟူသော ဥပမာကို ပေးခဲ့ခြင်း ဖြစ်သည်။ 'ဈာန်ဝိတက်သို့'ဟူသော စကားခွန်းနှင့် စပ်လျဉ်း၍ အချို့က ကောင်းကင်ဈာန်ပျံ့ရသေ့ ဈာန်လျှောခြင်းကို ယူ၍ အချို့ကလည်း ကသိုဏ်းပုဂ္ဂိုလ်တို့၏စိတ်တွင် ပီတိအခြေသို့မရောက်ခင် အတည်မကျသေးသော ဝိတက် ဝိစာရ ဖြစ်ခြင်းသဘောကို ယူကြသည်။ မည်ကိုပင် အဓိပ္ပာယ်ယူစေကာမူ ဝဲဝဲဆိုင်းဆိုင်းဖြစ်သော သဘောကား ထင်ရှားသည်သာ။

တစ်ခါတစ်ရံ ဆရာတော်သည် ကောင်းကင်ဝယ် နေ၏အစွမ်းကြောင့် လည်းကောင်း၊ လေ၏အစွမ်းကြောင့် လည်းကောင်း အရောင်အမျိုးမျိုး ပြောင်းနေသော၊ ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းနေသော တိမ်တို့ကို မြင်ရာ၏။ ထိုအခါ ဆရာတော်သည် ထိုသဘော သဘာဝတို့၌ အာရုံဝင်စား၍ ပီတိ ဖြစ်ခဲ့ဟန်တူသည်။ ထို့ကြောင့်–

'တိမ်ညိုမိုလ္လာ၊ တိမ်စုကာနှင့်
တိမ်ပြာရောယှက်၊ မရမ်းဖက်၍
တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်
မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တလီ
ရီခဲ့တပုံ၊ မှုန်ခဲ့တစ်ချက်'

mgyoe.com

mgyoe.com

ဟူ၍ တစ်ခဏကာလတွင် အရောင်အမျိုးမျိုးပြောင်းပုံသဘောကို သွက်လက်စွာ ကဗျာဆိုခဲ့သည်။ ထိုမှတစ်ဖန်ဆက်၍ ပုံသဏ္ဍာန်ပြောင်းသော သဘောကိုလည်း–

'ယုဂန်ထက်က
လေးဘက်လုံးခြုံ၊ တိမ်ဂဠုန်လည်း
နဂါးရုံကြွေ၊ ရန်ချင်းတွေသော်
ခိုးငွေ့လွှတ်ပြိုင်၊ ဂုဏ်ချင်းဆိုင်ခဲ့'

ဟူ၍ နဂါးဂဠုန် တွေ့ဟန် လိုက်ဟန် ဥပမာဖြင့် နှိုင်းယှဉ်ကာ ခံ့ညားစွာ ဆိုခဲ့သည်။

ရှင်ဥတ္တမကျော်သည် မင်းနေပြည်ကို ဖယ်ကြဉ်၍ စိမ့်မြိုင်လောကသို့ ခိုဝင်သော်လည်း လူလောကကို မေ့လျော့သည် မဟုတ်ချေ။ ဆရာတော်သည် မိမိကိုယ်တိုင် သံယောဇဉ်ကို ဖြတ်နိုင်သော်လည်း သံယောဇဉ် မပြတ်နိုင်သေးသော သူတို့၏ အမူအရာကို လျစ်လျူပြုသည် မဟုတ်ချေ။ တောင်ငူနယ်စပ်၊ ဟံသာဝတီနယ်စပ်တို့တွင် လှည့်လည်ကျင့်သုံးစဉ်၊ ဆရာတော်မြင်နိုင်၊ တွေ့နိုင်၊ ဆွမ်းရပ်နိုင်သော သူတို့ကား ကရင်တောင်သူများပင် ဖြစ်တန်ရာ၏။ ထိုသူတို့သည် တောင်သူ့ဘာသာ တောင်ယာလုပ်စားသူများ ဖြစ်သဖြင့် တောခုတ်ခြင်း၊ မီးတိုက်ခြင်းတို့ကို ပြု၍ ယာကိုတီထွင်ကြရ၏။ ထို့နောက် စူးထိုးကာ မျိုးစေ့ကိုချ၍ ကောက်ပဲသီးနှံတို့ကို ပျော်ရွှင်စွာ စိုက်ပျိုးကြသည်။ ထိုအမူအရာတို့ကို ဆရာတော်သည် နှစ်သက်ဟန် တူ၏။ ထို့ကြောင့်လျှင်–

'တောခွင်တောင်ထု၊ ပျော်ကြောင်းလုသည်
တောင်သူ့ဓလေ့၊ ယာမီး ကြွေ့သား
မျိုးစေ့မြေနှံ၊ ဒေဝမာန်လျှင်
ညံတခြိမ့်ခြိမ့်၊ ဘဝင်စိမ့်မျှ'

ဟူ၍လည်းကောင်း၊

mgyoe.com

'တောင်သူမှာလည်း၊ ဘာသာစလေ့
ပျော်မွေ့စိုက်ပျိုး၊ ကောက်ပဲမျိုးကို
အားကြိုးလုံ့လ၊ ဂုဏ်စွမ်းပြလျက်'

ဟူ၍လည်းကောင်း၊ တောင်သူတို့၏ လုံ့လ စွမ်းအားနှင့် တောင်သူ့အလုပ်ကို ချီးကျူးဖွဲ့ဆိုခဲ့လေသည်။

❑

(ကြည့်ရန်။ ။ မြန်မာစာညွှန့်ပေါင်းကျမ်း ပထမတွဲနှင့် ကဝိသေနင်္ဂဗျူဟာကျမ်း။)

mgyoe.com

mgyoe.com

# ခရီးသည် နဝဒေး
## မင်းသုဝဏ်

တောင်သူခေတ်တွင် ထွန်းကားသော စာဆိုနဝဒေးကြီးသည် ခရီးယာယီ အလွန်များသောသူ တစ်ဦးဖြစ်သည်။ မိမိ၏ အရှင်သခင်များ မြို့ပြောင်းရသလောက် မိမိလည်း ပြောင်းရသည်။ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်'ဆိုသောစကားပုံမှာ နဝဒေးကြီးအတွက် လွန်စွာ မှန်လေသည်။ အကြောင်းသော်ကား စလင်းတွင် အမှုတော်ထမ်းစဉ် မင်းလကျ်ာဟူသော ဘွဲ့နှင့် အချီးအမြှင့်ခံရသည်။ စစ်ကိုင်းသို့ရောက်ပြန်သောအခါ ထောင်သင်းကို မှူးရသဖြင့် ထောင်သင်းမှူးဟူသော အမည်ဖြင့် ကြီးပွားပြန်သည်။ ပြည်မြို့သို့ရောက်သောအခါ နဝဒေးဟူသော ဘွဲ့ဖြင့် အထူးချီးမြှောက်ခြင်းကို ခံရသည်။ ထို့ကြောင့် 'စစ်ကိုင်းထောင်သင်း၊ စလင်းလကျ်ာ၊ ပြည်မှာနဝဒေး'ဟူသော စကားဖြစ်ပေါ်လာသတည်း။

နဝဒေးသည် စာဆိုမျှမက၊ စစ်သည်တော်လည်းဖြစ်သည်။ မြောက်သို့လားသော် တရုတ်ပြည်၊ အရှေ့သို့လားသော် ရှမ်း ယိုးဒယားပြည်၊ တောင်သို့လားသော် ဟံသာဝတီ၊ အနောက်သို့လားသော် ရခိုင်ပြည်တို့သို့ မပြတ်မလပ်ပင် စစ်ချီလျက်ရှိသည်။ ဟံသာဝတီတွင် ပေါ်တူဂီစစ်သားများနှင့်

mgyoe.com

mgyoe.com


စစ်ပြိုင်ခဲ့ရပုံကို

'ပဲကူးအားနှင့်၊ ကုလားရှင်ဦ၊ ဗရင်ဂျီလည်း၊ ရှယ်ချီစစ်မြှောက်၊
ပြောင်းမီးပေါက်တိ၊ ရှေ့နောက် ရင်ဆိုင်၊ ကြိုနှင့်ပြိုင်သော်'

စသည်ဖြင့် စီကုံးခဲ့သည်။ စစ်သည်တိုင်းပြည်ကို ကောင်းကျိုးပေး၏။ ဆိုးကျိုးပေး၏ဟု မဆုံးဖြတ်သာသော်လည်း၊ ကဗျာလင်္ကာ ဖွဲ့ဆိုမှုကိုကား ကျေးဇူးပြုပေသည်။ စစ်သည် စာဆိုပုဂ္ဂိုလ်တို့ကို ဆွေမျိုးတို့နှင့် ကွေကွဲစေ၏။ ကွေကွဲမှုသည် အောက်မေ့တသခြင်းကို ဖြစ်စေ၏။ အောက်မေ့တသမှုကြောင့် သီဆိုဖွဲ့နွဲ့မှု ဖြစ်ပေါ်လာလေသည်။ အထူးသဖြင့်ကား စစ်သည်ရတုကဗျာကို ပေါက်ဖွားစေသည်။ မြန်မာရတုစာဆိုများကို ကြည့်လျှင် နဝဒေးသည်လည်းကောင်း၊ နတ်သျှင်နောင်သည်လည်းကောင်း၊ စိန္တကျော်သူသည်လည်းကောင်း၊ လက်ဝဲသုန္ဒရသည်လည်းကောင်း စစ်သည်တော်တို့ဖြစ်သည်ကို တွေ့ရပေမည်။ နဝဒေးကြီး၏ ရတုတို့တွင် ရာခိုင်နှုန်းငါးဆယ်မှာ စစ်နှင့်ဆက်သွယ်သော ရတုတို့ဖြစ်ကြသည်။ ကျန်သည်တို့မှာလည်း စစ်ငွေ့မကင်းကြ။

တစ်ခါသော် နဝဒေးကြီးသည် မုန်ရည်ဖြင့် ပြည့်ဝသော ဆင်ပြောင်ကြီးကို စီးကာ၊ စစ်မျက်နှာတွင် ချီတက်တိုက်ခိုက်နေရသည်။ လူမှာ စစ်တွင်ရှိသော်လည်း စိတ်မှာကား ချစ်ခင်သူတို့ထံသို့ လွင့်ပါးနေခိုက် မိုးစည်ကြီး မြည်ဟည်းလာလေသည်။ ကျေးငှက်သာရကာတို့သည်လည်း ဘာသာဘာဝ တွန်ကျူးမြူးပျော်ကြကာ ဖိုမတွဲ၍ ရေစာခွံ့ကျွေးကြလေသည်။ ထိုခဏ၌ နဝဒေးသည် မိမိ၏ကြင်ရာသားမယားတို့ကို အောက်မေ့တသမိလေသဖြင့်–

'သာနိုးပျော်ရှင်၊စုံတောခွင်၌၊စီးဆင်ချွန်းမ၊ ပြောင်မုန်ဝထက်၊ ရှုတလွမ်းရိုက်၊ အောက်မေ့ကြိုက်ဝယ်၊ တိမ်တိုက်ကသည်၊ နတ်တို့ စည်လည်း၊ ကျူမြည်သံလေး၊ တခြေးခြေးတိ၊ ဟိန်လေးရင့်ခေါ်၊ ငှက်တို့သော်လည်း၊ သံငေါ်တသီး၊

mgyoe.com


သံကြီးတထွေ၊ သံခြေညင်းညင်း၊ သံပြင်းသံကျော်၊ တူရုံ ပျော်လျက်၊ မူးမော်စုံမက်၊ လည်ချင်းရှက်၍၊ ယှုရက်သည် ပို့၊လှုကဲ့သို့လျှင်၊တချို့ခွံ့တုံ၊တချို့တုံလည်း၊စုံကာထား၏။ သနားဘွယ်မှု၊တခုလည်တွင်၊တခုတင်လျက်၊စစ်ခွင်လမ်းကြို့က်၊ မြင်မိလိုက်သည်၊ လူ့ဒွိတူပင် ထင်သကား'

ဟု တိတ်တိတ်ခိုး၍ တိုးတိုးညည်းရှာလေသည်။

ဤတွင် ပညာရှာမှီးသူတို့၏ အကျိုးငှာ 'ပြောင် မုန်'ဟူသော ဝေါဟာရတို့အကြောင်းကို ကျမ်းညှိပြပါအံ့။ ပြောင်ကို များစွာသော ဆရာတို့သည် ပစောက်အရစ် ရေးကြသည်။ ဆရာတော် ဦးဗုဓ်၏ ကဗျာသာရတ္ထသင်္ဂဟ သတ်ပုံကိုရှု၊ မြန်မာသံယောဂဒီပနီဆရာ လက်ဝဲနော်ရထာသည်ကား ဖဦးထုပ်ကို အပင့်နှင့် ရေးသင့်သည်ဟုဆိုကာ–

'ရှင်သံခိုဆိုသည့်ပြောင်မွန်ဘွဲ့တွင်၊ 'ပြီးပြက်အရောင်၊ ကိုယ်လုံးပြောင်သား၊မုန်ဖျောင်ပေါက်ကြီး၊ဓာနည်စီးလျက်' ဟု စပ်သည့် စကားလည်း 'ကိုယ်လုံးပြောင်သား'၌ 'ပြောင်' သည် အရောင်အဝါထွန်းသော၊ ဩဘာသသဒ္ဒါ၏အနက်ဖြစ် သည်။ ရေးထုံးမှာလည်းပ, အက္ခရာတွင် ရရစ်၍ ရေးထုံးရှိ သည်။ 'မုန်ဖျောင်'၌ 'ဖျောင်'ဟူသော စကားသည် မုန်ရည် များများထွက်သည်ကို ဖျောင်သည်၊ ဖျောင်ရေထက်သည် ဟု ဆိုရိုးစကားရှိသည်။ ရေးထုံးမှာလည်း ဖ, ဦးထုပ်အက္ခရာ တွင် ယပင့်၍ ရေးထုံးရှိသည်။ ဤစကား၌ 'မုန်ဖျောင်'ဟု ဖဦးထုပ်နှင့် ရေးသားရိုး ရှိသည်ကို အချို့ သောသူတို့သည် 'မုန်ပြောင်'ဟု ပ, အက္ခရာတွင် ရရစ်သော အသံနှင့် ရေးသား ဖတ်ရွတ်မှားကုန်သည်။ 'မုန်ပြောင်'ဟု ပထမအက္ခရာနှင့် ရေးလျှင် 'ကိုယ်လုံး' ပြောင်သား'ဟု ရှိသော ဒုတိယကာရန် နှင့် ပြောင်ချင်းထပ်သည်။

ဟု ဆုံးဖြတ်ခဲ့သည်။

mgyoe.com

mgyoe.com


မုန် ဆိုသော ဝေါဟာရနှင့် စပ်၍ကား ဒုတိယ ကျော်အောင်စံထား ဆရာတော်သည် ဝေါဟာရတ္ထပကာသနီကျမ်း၌ ဤသို့ မိန့်တော်မူခဲ့သည်။

**'တောအားမကုန်၊မျက်မာန်ဟုန်ဖြင့်၊ပါးမုန်စက်စက်' ... စသည်ဖြင့် လောဘ, ဒေါသဟူသော မုန်ဆိုသောအရာထင်၏။ ဤ၌ မုန်ဟူသည်ကား 'သည်းထန်သော အစွမ်းဂုဏ် အခြင်း အရာထင်သည်'ကို ဆိုမိန့်ခြင်းတည်း။ ထိုနှင့်လျော်စွာ ပြင်းထန်သောလေကို လေမုန်တိုင်းဆိုသောအရာထင်၏။**

နဝဒေးအကြောင်းကို ပြန်ကောက်ကြဦးစို့။ အရပ်ကား စစ်မျက်နှာ၊ အချိန်ကား ညဆည်းဆာ၊ လေးသံမြားသံ စဲလေပြီ။ ထိုခဏ၌ နဝဒေးသည် ပတ်ဝန်းကျင် လောကကို သတိပြုမိ၏။ ဥသြငှက်သည် တွန်မြည်လျက်ရှိသည်။ တော သည် သာယာပျော်မွေ့ဖွယ်ဖြစ်သည်။ ညို့မှိုင်းသော တောင်တို့သည် ဝန်းရစ် ကာရံလျက်ရှိသည်။ မြစ်သည် ရေကျေး၊ ရေငှက်တို့ဖြင့် တင့်တယ်နေသည်။ ကောင်းကင်၌ တိမ်ဝွမ်းစုတို့သည် တအိအိရွေ့လျားလျက် ရှိသတည်း။ ဤ အခြင်းအရာကို နဝဒေးသည်–

'သံချိုဥသြ၊ ချစ်ဖော်နှော၍၊
တောလည်းသာခေါင်၊ တောင်လည်းညိုရစ်၊
မြစ်လည်း သာဘိ၊ တိမ်အိအိနှင့်'

ဟု စာဆိုဉာဏ်တည်းဟူသော လုံတွင် ထည့်ကာ ရွှေသို့ ဦးလိုက်လေသည်။ ဤမျှမကသေး ဆက်လက် သီဆိုပြန်သည်မှာကား–

ဝမ်းပါးဘွယ်သာ၊ ဆုံလှည့်ရာတွင်၊
ဆည်းဆာချုပ်ညာ၊ မှိုင်းရီစ၌၊
ဖိုမယှဉ်ကာ၊ သိုက်နန်းသာထက်၊
သံဝါရင့်ညောင်း၊ လွန်ကြင်တောင်းသည်၊
ဥဒေါင်းရင့်မြည် ကျူးဘိသည်။ ။

mgyoe.com

mgyoe.com


သက်ဝေကြြင်မှတ်၊ လှသည့်နတ်ကြောင့်၊
ဆွတ်လွတ်လောင်ဆာ၊ တမ်းလှည့်ရာတွင်၊
တိမ်ပြာရှက်သွယ်၊ ညချမ်းဝယ်၌၊
ဒရယ်သံညောင်း၊ မကိုပြောင်း(ဖျောင်း?) သည်၊
လွမ်းကြောင်းဖွေနှည် မြူးဘိသည်။ ။

သီရိဆင်းဝါ၊ မယ်မပါ၍၊
လွမ်းတာခဲအင်၊ ရှိစဉ်တွင်ဝယ်၊
လွန်းကြြင်ဖိုမ၊ မှိုင်းရီစ၌၊
သံမြသာပျောင်း၊ ရင့်ရှုညောင်းသည်၊
စုံပေါင်းလှည့်လည် ထူးဘိသည်။ ။

အချိန်ကား သက်ကြီးခေါင်းချ၊ အရပ်ကား စစ်တဲစခန်း၊ တောရိပ်တောင်ရိပ်ဖြင့် ရာသီအေးချမ်းလှသည်။ ဖော်မဲ့စာဆိုမည်သို့ ညည်းရှာသနည်း။

'မအေးမြတောင်း၊ ဆောင်းမျိုးဆယ်ထောင်၊
ကုန်အောင်မကာ၊ ချမ်းမောလှ၏။
မိုးက မိုးသူ၊ ရောက်သောဟူသို့၊
အတူလာ၍ ချမ်းပါလှည့်။ ။
သျှောင်ညှာမဲ့ထွေ၊ ပြေဖြေရွှန်းမွေး၊
အေးအေးပျံ့ပျံ့၊ ရနံ့သုတ်ဖြူး၊
ထူးထူးသံချို၊ လျှောက်ဆိုတုံ့ဖြေ၊
ရစ်ခွေနွဲ့လျက်၊ သန္တာလက်နှင့်၊
ထိပ်ထက်သာ၍ စမ်းပါလှည့်။ ။

မကူးမလွမ်း၊ တောရိပ်ချမ်းသော်၊
ထပ်မွှမ်းယှဉ်နွဲ့၊ ပုလဲညွန့်ရှင်၊
ဖြူစင်လှညက်၊ ပန်းထက်ဆကဲ၊

mgyoe.com

mgyoe.com


အမြဲဝတ်နေ၊ စွန်ထည်ရွှေကို၊
ခွာဖြေယူလျှင်၊ ချမ်းလှကျင်သည်၊
သခင်လာ၍ လွမ်းပါလှည့်။ ။

အချိန်ကား တစ်ရေးနိုး၊ နေပြည်တော်ရှိ ဇနီးသည်က ပေးပို့လိုက်သော သဝဏ်စာကို သတိရလျက် အပြင်လောကတွင် တဖြောက်ဖြောက် ရွာနေသော မိုးကို ကြားမိပြန်သည်။ စာဆို၏ စိတ်မှာ လွမ်းအား၊ ဆွေးအား နှင့် ယောင်မှား ဖောက်ပြန်လေတော့သည်။ မည်သူ့ကို အပြစ်ဆိုရအံ့နည်း။ လွမ်းအောင်မှာသော မယားကိုလော၊ ချမ်းအောင်ရွာသော သိကြားကိုလော၊ စမ်းယောင်ရှာသော အမှားကိုလော။

'နန်းရပ်သူက၊ သည်းအူမဆုံ၊
ဆွတ်ပျံ့ခြင်းရာ၊ သဝန်စာနှင့်၊
မေတ္တာရစ်နှောင်၊ ချောညိုရောင်သည်၊
လွမ်းအောင် မှာလတ် ပြန်ဘိသည်။ ။

စက်တိုင်းခြံ၍ လုံစလေ့လျက်၊
ဖြည်းဖော့လေသွန်၊ မင်းလွှင်ပြန်က၊
ယုဂန်ထွတ်ခေါင်၊ သူဇာ့မောင်သည်၊
ချမ်းဆောင် ရွာလတ် ပြန်ဘိသည်။ ။

မှုန်းမှုန်းရင်ငွေ့၊ တူစက်လေ့ကို၊
အောက်မေ့စုံမက်၊ ညဥ့်သံနက်ဝယ်၊
ပြိုက်စက်ရှုန်းအောင်၊ နှောင်ရဲခေါင်သည်၊
စမ်းယောင် ရှာလတ် ပြန်ဘိသည်။ ။

နဝဒေးကြီးသည် ခရီးသွားခိုက်၊ စစ်ထိုးခိုက် ဤသို့နှင့် ရေးစပ်စီကုံး ကာ ရွှင်ပြုံးရရှာလေသည်။

❑

---

(ကြည့် ရန်။ ။ နဝဒေးဆို ရတုပေါင်းချုပ်။)

mgyoe.com

mgyoe.com

# ရခိုင်စာဆိုတော် ဦးကာဗျာန်

ဇော်ဂျီ

ထိုစာဆို၏အမည်ကို ဦးကာဗျာန်အပြင် ဥက္ကာပျံဟူ၍လည်းကောင်း၊ ဥဂ္ဂါပျံဟူ၍လည်းကောင်း ခေါ်ဝေါ်ရေးသားကြလေသည်။

ထိုစာဆိုသည် သက္ကရာဇ် ၉၅၀ ကျော်ခေတ်တွင် မြန်မာပြည်မဘက်၌လည်းကောင်း၊ ရခိုင်ဘက်၌လည်းကောင်း ကျော်စောထင်ရှားသည်။ ထိုအခါက မြန်မာပြည်မဘက်တွင် နေပြည်တော် ဟံသာဝတီ၌ ငါးဆူဒါယကာ နန်းစံ၍ ရခိုင်ဘက်တွင် နေပြည်တော်မြောက်ဦး၌ မင်းရာဇာကြီး နန်းစံသည်။

ဦးကာဗျာန်သည် တောင်ငူမင်း နတ်သျှင်နောင်၊ ထောင်သင်းမှူး စသော မြန်မာပြည်မဘက်က စာဆိုတော်များနှင့် အသိအကျွမ်းစာဆိုဘက် ဖြစ်မည်ဟု ယူသင့်သည်။ ဦးကာဗျာန်၏ ရတုကဗျာများကို ဟံသာဝတီ၊ မြောက်ဦး နေပြည်တော်နှစ်ရပ်စလုံး၌ ရွတ်ဆိုနာကြား နှစ်သက်ခြင်းရှိမည် ဟူ၍လည်းကောင်း ယူသင့်လေသည်။

ဦးကာဗျာန်သည် မြောက်ဦးမြို့တော်တွင် မင်းရာဇာကြီး၏ သားတော် အိမ်ရှေ့ဥပရာဇာ မင်းခမောင်း၏ အကြီးတော်ဖြစ်၍ စိန်တင်ရွာကို စားရသည်။ ထိုမင်းသားတွင် အမှုထမ်းစဉ် ရတုကဗျာများကို ရေးသားစပ်ဆိုသည်။

mgyoe.com

mgyoe.com


ထိုခေတ်သည် မြန်မာပြည်မဘက်တွင် ဆင်ဖြူရှင်ဘုရင့်နောင်ကျော်ထင်နော်ရထာ နတ်ပြည်စံပြီးနောက် ညီတော်၊သားတော်တို့ မညီမညွတ်ထီးပြိုင်နန်းပြိုင်ပြု၍ သူတလူ ငါတမင်း မင်းမူလျက်နေသော ခေတ်ဖြစ်သည်။ ရခိုင်ဘက်၌မူကား မင်းရာဇာကြီးသည် ပင်လယ်၌ကျွမ်းသော ဗရင်ဂျီပေါ်တူဂီတို့ကို နှိမ်နင်းပြီး၍ အင်အားကြီးမားသော ရခိုင်ရေတပ်တော်ကိုဖွဲ့စည်းပြီးလျှင် အရှေ့ဘက် ဟံသာဝတီတလွှားတွင် ဘုန်းစွမ်းပြနိုင်သောခေတ်ဖြစ်သည်။

ဦးကာဗျာန်သည် အိမ်ရှေ့ဥပရာဇာ၏အကြီးတော်ဖြစ်သည့် အားလျော်ညီစွာ အိမ်ရှေ့ဥပရာဇာနှင့်တစ်ပါတည်း ထက်ကြပ်မကွာ လိုက်နေရသူဖြစ်သည်။ သက္ကရာဇ် ၉၅၆ ခုလောက်တွင် အိမ်ရှေ့ဥပရာဇာသည် ခမည်းတော်၏ထီးနန်းကို ကြံစည်ရာ၊ ကြံစည်ခိုက်၌ပင် အကြံအစည်ပေါ်သဖြင့် ဟံသာဝတီသို့ ပြေးဝင် တိမ်းရှောင်ရသည်။ ဦးကာဗျာန်လည်း ဟံသာဝတီသို့ပါရသည်။ သုံးနှစ်ခန့် ကြာမြင့်သောအခါ မင်းရာဇာကြီး အမျက်ပြေ၍ခွင့်သနားတော်မူသဖြင့် မင်းသားနှင့်အတူ ဦးကာဗျာန်လည်း မြောက်ဦးသို့ပြန်လာသည်။

တစ်ဖန် မြောက်ဦးသို့ပြန်လာသော သက္ကရာဇ် ၉၅၉ ခုနှစ်၌ပင်တောင်ငူမင်းသည် ငါးဆူဒါယကာနှင့်မသင့်သဖြင့် ဟံသာဝတီကို တိုက်ရန်မင်းရာဇာကြီးထံ စစ်ကူတောင်းရာ အိမ်ရှေ့ဥပရာဇာ မင်းခမောင်းပင် ဟံသာဝတီသို့ စစ်ချီရပြန်သည်။ ထိုအခါ ဦးကာဗျာန်လည်း အိမ်ရှေ့စံနှင့် ပါရပြန်သည်။ မင်းခမောင်းသည် ဟံသာဝတီကိုရ၍လည်းကောင်း၊ တစ်ဖန် အောင်တော်မူပြီးနောက်စံ၍လည်းကောင်း၊ လေးနှစ်ခန့် နေတော်မူပြန်ရာ ဦးကာဗျာန်သည်လည်း ဟံသာဝတီတွင် လေးနှစ်ခန့်နေရပြန်သည်။

ဤသို့ဖြင့် ဦးကာဗျာန်သည် ဟံသာဝတီတွင် အနေများရသည်ဟုဆိုသင့်လှသည်။ ထို့ကြောင့်လည်း ဦးကာဗျာန်ရေးသော ရတုများသည်အများအားဖြင့် မြောက်ဦးမြို့တော်သို့ ရည်ရော်တမ်းညွတ် လွမ်းဆွတ်သောအခြင်းအရာတို့ဖြင့် ပြည့်လျှမ်းနေသည်ကို တွေ့နိုင်သည်။

ဟံသာဝတီနေပြည်တော်သစ်ကို ဆင်ဖြူရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာတည်ခဲ့ရာ မြို့ရိုးသစ်၊ ပြအိုးသစ်၊ တန်ဆောင်းသစ် ဖြစ်သည်။

mgyoe.com

mgyoe.com


ထီးသစ်နန်းသစ်လည်း ဖြစ်သည်။ မော်ဓောစေတီ၊ မဟာစေတီတို့ဖြင့်လည်း တင့်တယ်သည်။ မြို့အနောက်ဘက်တွင် ပဲခူးချောင်းသစ်လည်း သာယာလှသည်။ ပဲခူးချောင်းအနောက်ဘက်ကမ်းတွင် ဓမ္မစေတီမင်းတည်ခဲ့သော ကလျာဏီသိမ်လည်း အဆန်းတကြယ် ဖြစ်သည်။ မြောက်ဦးနေပြည်တော်လည်း အဆန်းတကြယ်ပင်ဖြစ်၏။ မြို့မျက်နှာပြင်သည် မြေညီမြေပြန့်မဟုတ်၊ တောင်ကုန်း တောင်ပူဇာတို့ဖြင့် သာယာသည်။ ရွှေမြို့တော် ရွှေနန်းတော်သည် ကုန်းမြင့်တွင် ရှုမောဖွယ်ရာဖြစ်သည်။ မြို့မြောက်ဘက်တလွှားတွင် ရှစ်သောင်းဘုရား ဒုက္ကံသိမ်ဘုရားစသော ဂူဘုရားတို့သည်လည်းကောင်း၊ တောင်ဘက်တခိုတွင် ရွှေတောင်စေတီတော်သည်လည်းကောင်း တင့်တယ်သပ္ပာယ်သည်။ သိဃ်ံနဒီမြစ်ကမ်းသည်လည်း ရေကစားရာ သာယာသော အရပ်ဖြစ်သည်။

ထို့ကြောင့် ဦးကာဗျာန်သည် ဇာတိဌာနဖြစ်သော နေပြည်တော် မြောက်ဦးကို ပို၍ ချစ်နှစ်သက်သည်။ လွမ်းဆွတ်သည်။ ပြန်လိုသည်။ ဤကား ဇာတိရပ်ရွာကိုစွန့်၍ ရေခြား မြေခြား တိုင်းတစ်ပါး၌နေသော သူတို့၏ဓမ္မတာ စိတ်ထားပင်တည်း။ ထိုစိတ်ထားကို ဦးကာဗျာန်သည် မြောက်ဦးတွင် ကျန်ခဲ့သော သူခင်သူ မင်းသမီးတစ်ပါးက အိမ်ရှေ့စံမင်းခမောင်း နူးညွတ်တိမ်းယိမ်းလာစေရန် မြို့၏ သာယာခင်း သာယာဖွယ်တို့ကို လျှောက်ထားလေဟန် ကဗျာ ပရိယာယ်သုံး၍ ကျေးစေရတု တစ်ဆယ့်နှစ်ရာသီရတုတို့ကို ဖွဲ့ဆိုခြင်းအားဖြင့် ပြခဲ့သည်။

ရခိုင်ဘက်တွင် ဤပရိယာယ်သည် ကဗျာပရိယာယ် သက်သက်မျှသာ မဟုတ်ချေ။ ရပ်ရွာဓလေ့ ထုံးစံပင်ဖြစ်သည်ဟု ဆိုသည်။ ချစ်သူ၊ ခင်သူ၊ လင်ယောကျ်ား၊ ရည်းစား စသည်တို့ ခရီးမထွက်ခင် ကျန်ရစ်သူတို့သည် ကဗျာစိတတ်သူတို့အား ညဏ်ပူဇော်ခပေး၍ လွမ်းဆွတ်တသကြောင်း ကဗျာ၊ ရတုရေးစေပြီးလျှင် ခရီးထွက်မည့်သူအား ထိုကဗျာရတုကို အလုံအခြုံပြု၍ ပေးလေ့ရှိသည်။ ခရီးထွက်သူသည် မိမိ၏ကိစ္စပြီးမြောက်၍ ရပ်ရွာသို့ ပြန်ချိန်တန်သောအခါ ဖွင့်ထုတ်၍ ကြည့်ရသည်။ မြန်မာပြည်မဘက်၌လည်း ဤသို့ပင် ဓလေ့ထုံးစံ ရှိခဲ့ရာသည်။

ဦးကာဗျာန်သည် ဟံသာဝတီတွင်ရှိစဉ် ထိုဓလေ့ ထိုထုံးစံကို ကဗျာ

mgyoe.com

mgyoe.com

ပရိယာယ်အဖြစ် သုံးဟန်တူသည်။ ထို့ကြောင့် ဟံသာဝတီတွင် မင်းခမောင်းသို့ တင်ဆက်သော တစ်ဆယ့်နှစ်ရာသီ ရတု၌–

'ရတုလည်း တပေါင်းကုံ
အတာအစွန်း၊ တန်ခူးဆန်းသော်
အလွန် မေ့ဝယ်ပူခဲ့၊ ခု တူစုံ မဖူးသာ
ဟံသာဝတီ၊ တိုင်းမြေ သူ့ခမ်းဝါက
နီဖြူကာပန်းမျိုးစုံ
ဆက်စာရက်ထောက်၊ ခြင်းကောက် လှမျိုးစုံက
ထက်ရတ်ဘုံ လျှံဝါပြီ
ပစ္စုန်ကျလှာ၊ သို့ချိန်ခါကို
လွန်းတော်မမှုသိလော'

ဟု ဆိုခဲ့သည်။

ထိုသို့ နေပြည်တော်မြောက်ဦး၌ ကျန်ခဲ့သော ချစ်သူခင်သူမင်းသမီးတစ်ပါးက ဖွဲ့နွဲ့စပ်ဆိုလေဟန် ကဗျာ ပရိယာယ်ဖြင့် ဦးကာဗျာန်သည် မိမိရခိုင်ပြည်ကို လွမ်းသမျှ သတိရသမျှတို့ကို ဖွဲ့ဆိုခဲ့ရာ ထိုအဖွဲ့တို့သည် နှစ်သက်အားရဖွယ်လည်းဖြစ်၍ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်လည်း ဖြစ်သည်။

မည်သည့် ရေခြား၊ မြေခြား တိုင်းတစ်ပါး၌ပင် ရောက်နေစေကာမူ ထိုရောက်ရာ ဒေသမှနေ၍ မြန်မာတို့ သတိမရဘဲ မနေနိုင်သော ပွဲတော်များသည် သင်္ကြန်၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလ ပွဲတော်များဖြစ်သည်။ ဦးကာဗျာန်အဖို့ဝယ် ဟံသာဝတီ၌ လအားလျော်စွာ ခင်းကျင်းသော ထိုပွဲတော်များနှင့်ပင် အလိုမပြည့်နိုင်သေးချေ။ မြောက်ဦး၌ ခင်းကျင်းသော ပွဲတော်များကိုလည်း လှမ်းမျှော်တောင့်တ သတိရလိုက်သေးသည်။ ပွဲတော်ချင်းပင်တူသော်လည်း ဇာတိဌာနက ပွဲတော်ကို ပို၍ ချစ်ခင်ပျော်ရွှင်လိုသော ဇာတိစွဲစိတ်ဓာတ်ကြောင့်ဟု ဆိုရာသည်။

မြောက်ဦးရွှေမြို့တော်တောင်ဘက်တွင် သိဃံနဒီချောင်းရှိသည်။

mgyoe.com

mgyoe.com

တန်ခူးလသင်္ကြန်အခါတွင် ရွှေနန်းသူတို့သည် ထိုချောင်း၌ ရေကစားတတ်ကြသည်။ လှေပွဲကိုလည်း ကျင်းပကြသည်။ ဦးကာဗျာန်သည် သင်္ကြန်အခါတွင် ဟံသာဝတီနေပြည်တော်အနောက်ဘက်ရှိ ပဲခူးချောင်းသစ်ကို ကြည့်၍ မြောက်ဦးနေပြည်တော်က သိဃ်ံနဒီချောင်းကို သတိရဟန်တူသည်။ ထို့ကြောင့် ဦးကာဗျာန်သည်–

'ရက္ခမှန်ဖူး၊ မြောက်ဦး ရွှေပြည်သာ၌
များစွာသည် ရွှေလှေပေါင်း
သိဃ်ံနဒီ၊ နန်းတောင်ဆိဝယ်
ရွှေလှေမင်းဆိတ်ချောင်း၌
တသောင်းသောင်း ပျော်စည်တွင်
တူရုံရှုကြည့်ချင်သည်
သင်္ကြန်အခါတည့်လေ'

ဟု ဖွဲ့ဆိုခဲ့သည်။

သီတင်းကျွတ်ပွဲတော်အခါတွင်လည်း ဦးကာဗျာန်သည် မြောက်ဦးမြို့သူမြို့သားတို့ ဘုရားပွဲဆင်နွှဲပျော်ရွှင်ကြပုံကို သတိရခဲ့သည်။ ပျော်ရွှင်ကြပုံများတွင် လူငယ်လူရွယ်တို့ သေစာယစ်မူး ပျော်ရွှင်ပုံကိုပင် ထိမ်ချန်ထားခြင်းမရှိဘဲ ဖွဲ့ဆိုခဲ့သည်။ ဖွဲ့ဆိုပုံမှာ–

'လဝါကျွတ်သည်၊ ဆန်းလတ်ခါ
လုရှာ ပွဲသဘင်၊ ဆီမီးတန်ဆောင်
ပန်းထောင် ထီးကြီးပျင်၍
သင်ပုန်းတင် တန်းပြက်ခတ်
အဌသီနှင့် ပဥ္စသီကို၊ အညီ စောင့်သုမ်းမှတ်၍
ဒါနဝတ် စွန့်ကြလှူ
မင်းပွဲသဘင်၊ မြို့ပြင် တချို့လူက
သီဓာဟူ သောက်ပြွန်းပြွန်း

mgyoe.com

mgyoe.com

ကောင်းမှုလက်ဆောင်၊ ထမင်းထောင်ကို ဝန်၍
အံ့ဖွယ်မှု အသံချို၊ လက်ခုတ်ဖြောက်ဖြောက်
ခြင်းကောက် သံပြိုင်ဆို၍
အလိုလို သောသောရု၊ ဝါကျွတ်သဘင်
ပျော်မှုဆင်သည်၊ လူရှင်အစုစုနှင့်
ယစ်ဝမှု အွဲအံကာ၊ တချို့ကိုလည်း၊ တချို့ဆဲသည်
တချို့ရို့က ရာန်ခိုက်ရှာ၍၊ တချို့သာ ပြစ်တင်ကုန်
ပိန်ပေါင်ခရာ၊ စည်ဒုပ္ပါနှင့်၊ ပတ်သာ မြို့လုမ်းချုံမှု
ကခြိမ့် ပတ္တလား၊ စောင်းညှင်းပြီသာ၊ တူရိယာသည်
လုရှာသဘင်များနှင့်၊ တသောသော ထမင်းထောင်
လှိုင်ဂူထွတ်ထား၊ ဘုရားပါး ရောက်အောင်တည်း
ကြိုးဆောင်သည်အစုစု၊ သာခုကြဲကြဲ၊ နေ့မည်းသည်
အသံ တရုရုနှင့်၊ ရှင်ပျော်မှု အသွယ်သွယ်'

ဟု ဖွဲ့ဆိုခဲ့သည်။

အထက်ပါအဖွဲ့ကိုထောက်သဖြင့် ထိုအခါက မြောက်ဦးရွှေမြို့တော်တွင် သီတင်းကျွတ်ပွဲတော်အချိန်၌ အချို့လည်း ငါးပါးသီလ၊ ရှစ်ပါးသီလကို စောင့်ထိန်း၍ ဆွမ်းတင်၍ ပန်းကပ်ဆီမီးထွန်း၍ ငြိမ်းချမ်းသာယာစွာ ပြုမူကြဟန် ထင်ရှား၏။ အချို့လည်း မြို့ပြင်သို့ ထွက်၍ အရက်သေစာဖြင့် အပျော်ကြီး ပျော်ကြဟန် ထင်ရှား၏။ အချို့လည်း စောင်းညှင်း ပတ္တလား စသည်တို့ဖြင့် သီဆိုတီးမှုတ်ကာ မြို့ကိုလှည့်ပြီးလျှင် မြို့မြောက်ဘက်ရှိ ရှစ်သောင်းဘုရား၊ ဒုက္ခံသိမ်ဘုရား စသည်တို့ကို ဆွမ်းတော်ကြီးတင်ရန် သွားကြဟန် ထင်ရှားသည်။

'ပန်ထောင် ထီးကြီး ပျင်၍'ဟူရာ၌ ပန်တောင်း သို့မဟုတ် ပန်းပဒေသာပင်ကို ဘုရားထီးသဏ္ဍာန်ပြင်ခြင်းဟု ဆိုလေသည်။ 'သင်ပုန်းတင်' ဟူရာ၌ သင်ပုတ်တင်ခြင်း (ဝါ) ဆွမ်းတော်ကပ်ခြင်းဟု ဆိုလေသည်။ ပုဂံမြို့၌ ရွှေစည်းခုံ၊ အာနန္ဒာစသော ဘုရားများတွင် ဆွမ်းတော်ကပ်သည်ကို သင်ပုတ်တင်သည်ဟူ၍ ယခုတိုင် ပြောဆိုသုံးစွဲကြသေးသည်။

mgyoe.com